ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၁၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ တနလာနေ့။ Monday, 29 May 2023 ၁၁၁၁၀

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းသို့ရောက်ရှိ ပညာသင်ကြား ဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ဆောင်းပါး

စာမျက်နှာ » ၆

ကျွန်တော်တို့ ဆန်စပါးကဏ္ဍကို ပုဂ္ဂလိက-အစိုးရ ပူးပေါင်းပြီးတော့ ဘက်ပေါင်းစုံကနေပြီး တိုးတက်အောင်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်

တွေ့ဆုံမေးမြန်း

စာမျက်နှာ » ၈

ဂျပန်ရေနံကုမ္ပဏီ ENEOS က ဓာတုလောင်စာဆီဖြင့် မော်တော်ယာဉ်များ စမ်းသပ်မောင်းနှင်

စာမျက်နှာ » ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် For Tune သင်္ဘော၊ Sun Shine သင်္ဘောနှင့် တပ်မတော်စစ်ရေယာဉ်များပေါ်မှ ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ရေယာဉ်/ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◎

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

မင်းပြားမြို့နယ်၌ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေ

မင်းပြား မေ ၂၈

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းကြောင့် သောက်သုံးရေခက်ခဲနေသည့် မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသော သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

မင်းပြားမြို့နယ်တွင် မိုခါမုန်တိုင်းသင့်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံပြည်သူ ၃၇၂၀၀ အတွက် သန့်ရှင်းသော သောက်သုံးရေ ဂါလန် ၃၈၈၀၀ ကို မေ ၂၁ ရက်မှ ၂၈ ရက်ထိ မြို့ပေါ်ရပ်ကွက် ရှစ်ခုတွင် ဖြန့်ဝေပေးလျက်ရှိပြီး ကျန်ရှိနေသောကျေးရွာများသို့ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၈

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင်များရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဧလ**

ကြားမှု

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင် စီးပွားရေးအခွင့်အလမ်းတိုးပွား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ မြန်မာ (နေပြည်တော်) – တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ (စတုတ္ထအကြိမ် မြန်မာ (လားရှိုး) – တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲ)ကို မေလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင် သုံးရက်ကြာ ပြုလုပ်ခဲ့သည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် ၇၀ က ပြခန်းပေါင်း ၄၀ စုစုပေါင်း ပြခန်းပေါင်း ၁၁၉ ခန်း ပြသကြပြီး ဒေသထွက် စားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ လက်ဖက်နှင့် ကော်ဖီ၊ လယ်ယာထွက်ကုန်များ၊ ကြိမ်နှင့် ဝါးထွက်ကုန်များ၊ သစ်သားပန်းပုများ၊ ပရိဘောဂများနှင့် ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့် ကဏ္ဍစုံပါဝင်ပြသခဲ့သည်။

ကုန်စည်ပြပွဲ ဒုတိယနေ့တွင် နှစ်နိုင်ငံမှ ကုမ္ပဏီ ၁၇ ခုတို့က လယ်ယာထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ အချိုရည်နှင့် အဖျော်ယမကာ၊ ဆေးဝါးပစ္စည်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ စသည့်နယ်ပယ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ်ကိုးခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံ စီးပွားရေးကုန်စည်ပြပွဲကို ကျင်းပနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးပွားရေးကို များစွာအထောက်အကူပြုခဲ့သည်။

ယနေ့ကာလတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ ကိုဗစ်-၁၉ ရောဂါ ပပျောက်ရေးကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအရ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး အခန်းကဏ္ဍ ယခင်ကထက် ပိုမိုအရေးပါလာခြင်း စသည့်အခြေအနေကောင်းများကြောင့် တရုတ်-မြန်မာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ မြင်တွေ့နေရပြီဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာကုန်သည်များက အဓိကအားထားနေရသည့် နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အရေးပါသောကုန်သွယ်ရေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး ယခုကဲ့သို့နိုင်ငံအတွင်း၌ နှစ်နိုင်ငံကုန်စည်ပြပွဲ ပြုလုပ်နိုင်ခြင်းသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုခိုင်မာအားကောင်းလာခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းပြည်သူများ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်တို့ကို ထင်ဟပ်ဖော်ပြနေသည်။ ထို့ကြောင့် နှစ်နိုင်ငံအကြားချစ်ကြည်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များ အချင်းချင်းပါ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ တရုတ်-မြန်မာ ကုန်သွယ်မှုကောင်းမွန်လာခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားများ ကောင်းမွန်လာမည်ဖြစ်သည်။ မြန်မာ့ထွက်ကုန်များသည် တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးကို အဓိကအားပြုနေရသဖြင့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများ၊ အကန့်အသတ်များကို လျှော့ချပေးရန်လိုအပ်သည်။

ကမ္ဘာ့စီးပွားရေးတွင် ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ၎င်းတို့နိုင်ငံတွင် ရှေးကာလကတည်းက ကမ္ဘာ့နိုင်ငံများအားလုံးကိုဖိတ်ခေါ်ပြီး ကုန်စည်ပြပွဲအမျိုးမျိုးကို ကျင်းပခဲ့သည်။ ကမ္ဘာ့စျေးကွက်အခြေအနေ၊ တရုတ်နိုင်ငံ၏စျေးကွက်အခြေအနေတို့နှင့်ဆက်စပ်ပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်စည်ပြပွဲများပြုလုပ်နိုင်ခြင်းသည် စီးပွားရေးတိုးတက်မှုအတွက် အခြေခံအရင်းအမြစ်တွန်းအားတစ်ခုဖြစ်သည်။ ယခုကဲ့သို့ တရုတ်-မြန်မာ နှစ်နိုင်ငံကုန်စည်ပြပွဲကို စတုတ္ထအကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှာပင် စျေးကွက်အသစ်နှင့် ထုတ်ကုန်မြှင့်တင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေချိန်တွင် အဓိကကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံမှ ကုန်သည်များ မြန်မာနိုင်ငံတွင် ထဲထဲဝင်ဝင်လက်တွဲပူးပေါင်း၍ ထိတွေ့ဆောင်ရွက်နိုင်သောကြောင့် စီးပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ထွက်လာပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကို ပိုမိုအားကောင်းအောင် မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။ ။

အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄) နှစ်၊ သီကျွာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစ္စာပနပူဇောသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း

(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း

(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း

(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစ္စာပနပူဇောသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် - ၀၉-၄၄၁၀၁၉၂၃

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် - ၀၉-၉၇၀၈၂၃ဖ၈၈

အန္တိမအဂ္ဂိစ္စာပနပူဇောသဘင်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ

သထုံမြို့နယ် ဒုံသမိမြစ်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း ငါးမျိုးစိုက်ထည့်

သထုံ မေ ၂၈

မွန်ပြည်နယ် သထုံမြို့နယ်၌ ငါးသယံဇာတများတိုးပွားပြီး ဒေသတွင်း ငါးစားသုံးမှုဖူလုံရေးအတွက် ယမန်နေ့ နံနက်ပိုင်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုံးရင်းဆိပ်ကျေးရွာရှိ ဒုံသမိမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။

စိုက်ထည့်ပေး

ငါးမျိုးစိုက်ထည့်ရာတွင် နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်ကိုဦး၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်းနှင့် ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများက ငါးလုပ်ငန်းစခန်း(သထုံ)မှ ထုတ်လုပ်သည့် နှစ်လက်မနှင့်အထက် အရွယ်အစားရှိ ငါးခုံးမကြီးကောင်ရေ တစ်သိန်း၊ ငါးမြစ်ချင်းနှင့် ရွှေဝါငါးကြင်း တစ်မျိုးလျှင် ကောင်ရေ ငါးသောင်းစီ စုစုပေါင်း ငါးသားပေါက် ကောင်ရေ နှစ်သိန်းကို ဒုံသမိမြစ်အတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဖိုးဦးတောင်စေတီတော်မြတ်ကြီးဓာတ်လှေခါး တည်ဆောက်မည့်နေရာအား မြေသန့်မဂ်လာအခမ်းအနား ကျင်းပ

ပန်းတောင်း မေ ၂၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာအုပ်စုအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်စေတီတော်မြတ်ကြီး၌ ဓာတ်လှေခါးတည်ဆောက်မည့်နေရာအား မြေသန့်မဂ်လာပြုလုပ်ခြင်းကို မေ ၂၅ ရက် နံနက် ၈ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ဦးစွာ စေတီတော်မြတ်ကြီး၏ ဩဝါဒဆရာတော် ငါးပါးက ငါးပါးသီလ ပေးခြင်း၊ ပရိတ်တရားတော်များရွတ်ဖတ် ပူဇော်ခြင်းနှင့်ရေစက်ချအမျှအတမ်းပေးဝေခြင်းများ ပြုလုပ်ဆောင်ရွက်ကြသည်။

အဆိုပါဓာတ်လှေခါးတည်ဆောက်ခြင်းအား နိုင်ငံတော်မှလှူဒါန်းငွေနှင့် ပြည်သူလူထုအလှူရှင်များလှူဒါန်းငွေများဖြင့်လျှောက်လမ်း အလျား ပေ ၂၅၀၊ အနံအကျယ် ရှစ်ပေ၊ အမြင့် ပေ ၁၅၀ တို့ဖြင့် ခန့်မှန်းကုန်ကျမည့် ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်ဖြင့် ခန့်မှန်းလျာထားတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	**သတင်းထောက်များ**	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အင်ယိတန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အမိုးမိုးခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖိုးမှ

ဆက်လက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ တင်ဆောင်၍ မုန်တိုင်း ဒဏ်သင့်ဒေသများသို့ ပို့ဆောင်ကြမည့် တပ်မတော်ကမ်းထိုးရေယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ တင်ဆောင်လာသော သင်္ဘောများ ရောက်ရှိလာပါက အချိန်ကြန့်ကြာမှုမရှိဘဲ ပစ္စည်းများ အတင်အချုပြုလုပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်၊ ပစ္စည်းများ စနစ်တကျ ဖြန့်ခွဲနိုင်ရေး၊ ဘေးသင့်ဒေသများသို့ အမြန်ဆုံးပို့ဆောင်ရေးနှင့် ပြည်သူများ လက်ဝယ်သို့ အမှန်တကယ် ရောက်ရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် မြို့ပတ်လမ်းတစ်လျှောက် လျှပ်စစ်မီးတိုင်များ ပြုပြင်ဆောင်ရွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး စစ်တွေတပ်နယ်ဧည့်ရိပ်သာသို့ ရောက်ရှိ၍ ရိပ်သာ ပြန်လည်ပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စစ်တွေမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အမိုးမိုးခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသန့်ရှင်းရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရေးနှင့် ကျောင်းဖွင့်ချိန်အမီ ပြီးစီးရေး လမ်းညွှန်မှာကြားသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် လတ်တလောတွင် ၂၃ဝ ကေဗွီ မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းတို့ကို လျှပ်စစ် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အဖွဲ့ ၁၆ ဖွဲ့ လူအင်အား ၅၆၇ဦး၊ယာဉ်ယန္တရား ၆၂ စီးတို့ဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပြီးစီး

မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ်သို့ ဓာတ်အားပို့လွှတ်ပေးသော ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်းရှိ တာဝါတိုင် ခုနစ်တိုင်၊ ရသေ့တောင်မြို့ပေါ်သို့ ဓာတ်အားဖြန့်ဖြူးပေးသော ၁၁ ကေဗွီ/ ၄၀၀ ဗို့ ဓာတ်အားလိုင်းမှ ဓာတ်တိုင် ၇၆ တိုင်နှင့် ထရန်စဖော်မာ နှစ်လုံး ထိခိုက်ပျက်စီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်း ၉၂ ဦး၊ ယာဉ်ယန္တရား ခြောက်စီးတို့ဖြင့် ရသေ့တောင်မြို့ရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ပြင်ဆင်ဆောင်ရွက်ခဲ့ရာ မေ ၂၆ ရက်အထိ ၁၁ ကေဗွီ/ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၄ တိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျန်ရှိသော ဓာတ်အားလိုင်းများကို ဇွန်လပထမပတ်အတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရသေ့တောင်မြို့၌ လျှပ်စစ်ဓာတ်အားလိုင်း ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၂၈

မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာ ဝန်းကျင်တစ်ဝိုက်တွင် မေ ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်မှ နံနက် ၄ နာရီအထိ တစ်နာရီလျှင် ပျမ်းမျှလေတိုက်နှုန်း မိုင် ၃ဝ ခန့်ဖြင့် လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၂၁ လုံး အမိုးလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာ ရသေ့တောင်ကျောင်းသစ်ဓမ္မာရုံ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်သဘာဝဘေး တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌက သဘာဝဘေး ဖြစ်ပွားမှုနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဘုန်းကြီးကျောင်းသူ/ကျောင်းသား ကိုယ်စားပြု ကျောင်းသူ/ကျောင်းသား ကိုယ်စားပြု ဒေသခံပြည်သူ ကိုယ်စားပြု ကျေးရွာ ဥက္ကဋ္ဌ ကိုယ်စားပြု ကျေးရွာ ကိုယ်စားပြု ကျေးရွာ ကိုယ်စားပြု ကျေးရွာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့် ထိန်ကုလားကျေးရွာ ကုန်ထုတ်လမ်းအား တက်ရောက်ဖွင့်လှစ်

ပုသိမ် မေ ၂၈

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ် ထိန်ကုလားကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဖျော်ဖြေရေးအဖွဲ့များ၏ ကပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေး အဖွဲ့များအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ထိန်ကုလားကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနား တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်က "ယနေ့ဖွင့်လှစ်သည့် မော်လမြိုင်ကျွန်း မြို့နယ် ထိန်ကုလားကျေးရွာ ကုန်ထုတ်လမ်းသည် ကျေးရွာအတွက် အမှန်တကယ်အကျိုးရှိမည့်လမ်းဖြစ်ပြီး ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ များစွာ အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ထိန်ကုလားကျေးရွာ ကုန်ထုတ်လမ်းအတွင်းပိုင်းအား မြစိမ်းရောင်ကျေးရွာ အတိုးရင်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဆက်လက်လိုအပ်နေသည့် လမ်းပိုင်းအတွက်ကိုလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၉ သန်းကျော်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ရာသီမရွေး အသုံးပြုနိုင်သည့် လမ်းတစ်လမ်းအဖြစ် ယနေ့တွေ့မြင်ရသည်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ပြီး သားစဉ်မြေးဆက် အကျိုးရှိစွာ အသုံးချနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်းထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ တွင်လည်း သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် ပညာရေးပိုင်းတွင်လည်း ကျောင်းသားကျောင်းသူများ အားလုံးကျောင်း တက်ရောက်ရန်လည်း လိုကြောင်း၊ ပညာရေးတိုးတက်မှုကျေးရွာနှင့် လူမှုရေးများပါ တိုးတက်မည် ဖြစ်ကြောင်း၊ အနာဂတ်လူငယ်လူရွယ်များအား ပညာရေးကို ကြိုးစားသင်ကြားပေးရန်လည်း ပြောကြားလိုကြောင်း၊ သက်ဆိုင်ရာဌာနများ အပြင် မိမိတို့ကလည်း အားထည့်လုပ်ဆောင်ပါက ထိန်ကုလားကျေးရွာသည် နောင်မကြာမီ ကာလအတွင်း၌ ယခုထက်ဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာကြီးဖြစ်စေကြောင်း"ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးသည် ကျေးလက်ဒေသကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်ပြီး ကျေးလက်နေလူဦးရေ ၈၅ ရာခိုင်နှုန်းနှင့် မြို့ပေါ်နေလူဦးရေ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျေးလက်နေ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်ပိုင်းဆိုင်ရာအပါအဝင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ရာနှုန်းပြည့် ကျောင်း တက်ရောက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း ပြည်သူလူထုအနေဖြင့် လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး လမ်းအရှည်ပေ ၂၄၅၀၊ အကျယ် ၁၀ ပေနှင့် ၃ ခုနစ်လက်မရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်သည် တာဝန်ရှိသူများနှင့်အတူ ထိန်ကုလားကျေးရွာ မူလတန်းလွန်ကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ ကျောင်းလာရောက်အပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ စာရေးကိရိယာပစ္စည်းနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ASEAN-ERAT အဖွဲ့များမှ ရခိုင်ပြည်နယ်တွင် စစ်တမ်းကောက်ယူခဲ့သည့် တွေ့ရှိချက်များကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြ

နေပြည်တော် မေ ၂၈

အာဆီယံ၏ One ASEAN One Response နှင့်အညီ အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN–ERAT)သည် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဘေးသင့်ဒေသများဖြစ်သော ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်များသို့ မေ၂၂ ရက်မှ ၂၅ ရက်အထိ ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့သည်။

အဆိုပါ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN–ERAT) ၏ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်များသို့ ကွင်းဆင်းစစ်တမ်းကောက်ယူရာတွင် တွေ့ရှိချက်နှင့် လုပ်ငန်းစဉ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ AHA Centre ၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူး(လုပ်ငန်း)၊ AHA Centre မှ ဝန်ထမ်းများနှင့် ASEAN–ERAT အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့သော အဖွဲ့နှစ်ဖွဲ့၏ ခေါင်းဆောင်များက စစ်တမ်းကောက်ယူမှုမှ ဦးစားပေးလုပ်ငန်းများဖြစ်သည့် အစားအစာ၊ အမိုးအကာ၊ ရေနှင့် သန့်ရှင်းရေးနှင့် သောက်သုံးရေ၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် စသည်တို့နှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူစဉ် တွေ့ရှိချက်၊ ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ASEAN–ERAT အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း၊ ကွင်းဆင်းကောက်ယူမှုများသည်လည်း ကျစ်လျစ်၍ ပြီးပြည့်စုံမှုရှိကြောင်း၊ အစိုးရအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ မီးရရှိမှုနှင့် ဆက်သွယ်ရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သောက်သုံးရေသန့်ရရှိရေးအတွက် ပျက်စီးသွားသောရေကန်များပြင်ဆင်ခြင်း၊ အသက်မွေးဝမ်းကျောင်းကဏ္ဍတွင် သက်ဆိုင်ရာဌာနများမှ မျိုးစေ့များ၊ မွေးမြူရေးအတွက် မျိုးသားပေါက်များ ဖြန့်ဝေရန်စီစဉ်လျက်ရှိကြောင်း၊ Cash for work အစီအစဉ် ဆောင်ရွက်ရန်လည်း စီစဉ်ထားကြောင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ ကလည်း အများပြည်သူပိုင်နေရာများကို ရှင်းလင်းလျက်ရှိကြောင်း၊ စျေးများပြန်လည်ဖွင့်နိုင်ရေးနှင့် ကုန်စျေးနှုန်းများတည်ငြိမ်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသန့်စက်တင်ဆောင်ထားသည့်ယာဉ်များဖြင့် ရေသန့်ဖြန့်ဝေမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် စစ်တွေမြို့ရှိ နယ်မြေခံရေတပ်စခန်းများ ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း

နေပြည်တော် မေ ၂၈

ရခိုင်ပြည်နယ် စစ်တွေမြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ နယ်မြေခံဌာနချုပ်မှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ရှိ နယ်မြေခံ ရေတပ်ဆိပ်ခံတံတားအား ကြည့်ရှုစစ်ဆေးခြင်း၊ မိုးရေစုကန်များတွင် ပင်လယ်ရေဝင်ရောက်မှုအား ရေစုပ်စက်များဖြင့် စုပ်ထုတ်နေမှုအခြေအနေကို သွားရောက်စစ်ဆေးခြင်း၊ မင်းဂံကမ်းထိုးရပ်အား ကြည့်ရှုစစ်ဆေးခြင်း၊ နယ်မြေခံဗျူဟာ စစ်ရေယာဉ်စု၊ ကွပ်ကဲမှုဌာနချုပ်တို့ရှိ အဆောက်အအုံများ၊ မိသားစုလိုင်းခန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံအားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ အသားဘူးများနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ခြင်းတို့ဆောင်ရွက်ခဲ့သည်။

ထို့နောက် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်တွင် ဌာနချုပ်မှူးက မိုခါ မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုအခြေအနေ၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုအခြေအနေ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ တင်ပြခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ အဆောက်အအုံများအား ဦးစားပေးအဆင့်သတ်မှတ်ကာ စနစ်တကျ ပြင်ဆင်တည်ဆောက်သွားရန်၊ ယခုအချိန်တွင် မုန်တိုင်းဒဏ်ကြောင့် အပင်အများစုပျက်စီးပြိုလဲပြီး အပူချိန်မြင့်တက်လျက်ရှိသည့်အတွက် မိုးလေဝသနှင့် ရာသီဥတုမှန်ကန်ကောင်းမွန်စေရန် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးသည် အရေးကြီးသဖြင့် ယခုမိုးတွင်းကာလတွင် ကြိုတင်စုဆောင်းထားရှိသော အရိပ်ရလေကာပင်များ၊ အုန်းပင်၊ ပင်လယ်ကမ္ဘီးပင်များအား လေတိုက်ရာ အရပ်မျက်နှာအလိုက် စနစ်တကျ နေရာချစိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ထပ်မံလိုအပ်မည့်ပျိုးပင်များအား စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်အဖွဲ့သည် နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်ဝင်း ခြံစည်းရိုးပျက်စီးမှုများနှင့် ကပ်လျက်ရှိသော ကမ်းနားလမ်းတစ်လျှောက် ပြိုကျပျက်စီးမှုများအားကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းနောက် ESSAR တံတားသို့သွားရောက်ပြီး တပ်မတော်(ရေ) မှကမ်းထိုးရေယာဉ်များဖြင့် မြောက်ဦးမြို့သို့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တော်မြို့ရှိ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်မှု ကြည့်ရှုစစ်ဆေး ကျောင်းသား ကျောင်းသူများနှင့် တပ်မိသားစုဝင်များကို စားကုန်ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုးဇော်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ဆောင်များ၊ ရုံးခန်းများနှင့် ဆရာ ဆရာမများ နားနေဆောင်များ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လုပ်ငန်းများ ကျောင်းဖွင့်ချိန်တွင် အချိန်မီ ဆောင်ရွက်ပြီးစီးနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ကျောင်းသုံး ကျောပိုးအိတ်များ ထောက်ပံ့ပေးအပ်ပြီး ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ သွားရောက်၍ အဆောက်အအုံများအမိုးလန်ပျက်စီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် အဖွဲ့ဝင်များသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပုဏ္ဏားကျွန်းတပ်နယ်သို့ သွားရောက်၍ နယ်မြေခံတပ်ရင်းရှိ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော နေအိမ်လိုင်းခန်းများနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်နယ်အတွင်း တာဝန်ရှိသူများက သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးအမှာစကားပြောကြားပြီး လူသုံးကုန်ပစ္စည်းများ၊ စားကုန်ပစ္စည်းများ၊ စာရေးကိရိယာများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြု ခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှောပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြွှောပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ် ရေလမ်းအတိုင်းသာ သတိပြု ခုတ်မောင်းရန် လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် ကြိုဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် နှစ်ခုအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်းယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် မိမိ၏ သယ်ဆောင်ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြု ခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲ ဖြတ်သန်းကြရမည် ဖြစ်ပါသည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များ အတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိပညာသင်ကြားဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ချို(ပညာရေး)
အခြေခံပညာဦးစီးဌာန

ယခင်နှစ်များထက် ပူပြင်းလှသောနွေရာသီကို အန်တုရှိ နွေနှောင်းရာသီကို တရွေ့ရွေ့ ဖြတ်ကျော်လာခဲ့ပြီ။ မကြာမီကာလအတွင်း မိုးသက်မြေသင်းနံ့တို့ဖြင့် ထုံမွှမ်းနေမည့် မိုးဦးရာသီသို့ ရောက်လာပေတော့မည်။ မြေသင်းနံ့တို့နှင့်အတူ ဝေ့ဝဲလာမည့် မင်္ဂလာရှိသော ကလေးငယ်များ၏ စာအံသံများကြောင့် ပညာရည်တိုက်ကျွေးမည့် ကျောင်းတော်ကြီး ပြန်လည်အသက်ဝင်လာတော့မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးမီးရထားကြီး စတင်မောင်းနှင်တော့မည်ဖြစ်သည်။

ပညာရေးသည် ရပ်တန်ရှိရသောအရာမဟုတ်သည့် လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်ဖြစ်သည်။ လူငယ်များ မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကို အပတ်တကုတ်ဆည်းပူးလေ့လာရန်လိုအပ်သည်။ ပညာဆည်းပူးလေ့လာသင်ယူရာတွင် စာသင်ကျောင်းသည် အကောင်းဆုံး၊ အသင့်တော်ဆုံး ပညာသင်ယူရာ ဌာနဖြစ်၍ ပညာပေးရာ စာသင်ကျောင်းသို့ ကျောင်းနေအရွယ်ကလေး အားလုံးရောက်ရှိရန် အရေးကြီးသည်။

မည်သည့်အတွက်ကြောင့် စာသင်ကျောင်းသည် ပညာဆည်းပူးရန် အသင့်တော်ဆုံးဖြစ်ပါသလဲ . . .

ကျောင်းဟူသည် ကျောင်းသားလူငယ်များအား လိုချင်သည့် ပုံစံကိုဖြစ်စေအောင် ပုံသွင်းစေခြင်း (သို့မဟုတ်) အမှားလုပ်ခြင်းမှ ကင်းလွတ်စေရန် ထိန်းကျောင်းသည့်နေရာဖြစ်သည်။ လူ့ဘဝတွင် မိမိတစ်ဦးတည်းနေထိုင်၍မဖြစ်နိုင်ပါ။ အခြားသူများနှင့် ထာဝစဉ်ပတ်သက်နေကြရမည်သာဖြစ်၍ ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့ နေ့စဉ်နေထိုင်ရာပတ်ဝန်းကျင်ကိုလည်း သိရှိနားလည်အောင်ကြိုးပမ်းရမည်ဖြစ်သည်။ ကျောင်းတက်ရောက်ခြင်းဖြင့် မိမိစာသင်ခန်း၊ မိမိကျောင်းကို မိမိ၏ကိုယ်ပိုင်ပတ်ဝန်းကျင်အဖြစ် မြင်လာကြစေရန်နှင့် စာသင်ခန်းအတွင်း၊ ကျောင်းအတွင်း၊ အိမ်၊ ရပ်ရွာစသည့် မည်သည့်နေရာတွင်မဆို လူအများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ကျောင်းမှတစ်ဆင့် သိမြင်လာနိုင်ပေမည်။

ဥပမာအားဖြင့် ကျောင်းတွင် အုပ်စုလိုက်ပူးပေါင်းဆောင်ရွက်ကာ နေထိုင်ခြင်းဖြင့် ကျောင်းကို မိမိပတ်ဝန်းကျင်အဖြစ် လက်ခံလာစေမည်ဖြစ်သည်။ ပြဿနာများ ပေါ်ပေါက်လာပါက ကိုင်တွယ်ဖြေရှင်းရမည့် နည်းလမ်းအဖုံဖုံတို့ကို ကျောင်းသားအချင်းချင်း၊ ဆရာနှင့်ကျောင်းသား ပူးပေါင်းဆွေးနွေးကာ အဖြေရှာလာနိုင်မည်ဖြစ်၍ ကျောင်းသည် ပြဿနာများဖြေရှင်းရန်အတွက် နည်းလမ်းကောင်းများဖော်ထုတ်ပေးနိုင်သည့် အရင်းအမြစ်တစ်ခုဖြစ်လာစေသည်။

ထို့အပြင် ကျောင်းသားလူငယ်တို့အား ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ထက်မြက်သောဉာဏ်၊ မြင့်မြတ်သောအကျင့်စာရိတ္တနှင့် ပြည့်စုံစေပြီး လူသားအချင်းချင်းစုရုံး၍ အပေါင်းအသင်းနှင့် စုဝေးနေထိုင်လုပ်ကိုင်ဆောင်ရွက်သွားတတ်ရန်အတွက် အခြေခံဖြစ်၍ ကျောင်းသားလူငယ်များအားလုံးအတွက် အသင့်လျော်ဆုံး ပညာသင်ကြားပေးရာဌာနသည် စာသင်ကျောင်းပင်ဖြစ်သည်။

ကျောင်းသို့ရောက်ရှိနေခြင်းသည် စာတတ်ရန်၊ လိမ္မာရန်၊ ဆရာဝန်ကြီးဖြစ်ချင်၍၊ အင်ဂျင်နီယာဖြစ်ချင်၍၊ မိဘကျေးဇူးဆပ်ချင်၍ စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တက်ရောက်လာကြသည်။ အမှန်စင်စစ် ကျောင်းသို့ရောက်ရှိခြင်းသည် မိမိဘာသိနိုင်မလဲ၊ ဘာသိသင့်သလဲ၊ ဘာတွေသိရမလဲ စသည်တို့ကို မှန်မှန်ကန်ကန်သိရှိနိုင်ရေးအတွက် ကျောင်းကိုသင်ယူလေ့လာရန်လာရခြင်း(Learning to know) ဖြစ်သည်။ ဒုတိယအနေဖြင့် မိမိဘာတွေဆောင်ရွက်ရမလဲ၊ ဘာတွေဆောင်ရွက်သင့်သလဲ၊ ဘာတွေဆောင်ရွက်နိုင်သလဲဆိုသည်ကို စူးစမ်းလေ့လာရန် ကျောင်းသို့လာကြခြင်း(Learning to do) ဖြစ်သည်။

တတိယအချက်မှာ ဤလောကကြီးအတွက် မိမိဘာဖြစ်နိုင်သလဲ၊ မိမိဘယ်နေရာမှာ ဘာဖြစ်သင့်သလဲဆိုသည်ကို သိရှိလေ့လာရန် ကျောင်းသို့လာခြင်း (Learning to be) ဖြစ်သည်။ စတုတ္ထအချက်မှာ ဤကမ္ဘာကြီး၌ အသားအရောင်၊ အဖြူအမည်း၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကွဲပြားခြားနား၊ ယဉ်ကျေးမှုဓလေ့ထုံးစံမတူသောသူများ အတူတကွပေါင်းစည်းနေထိုင်ကြရာတွင် စိတ်ဓာတ်၊ အတွေးအခေါ်၊ အယူအဆမတူကြသည့် အမျိုးမျိုးကွဲပြားခြားနားနေသော လူ့အဖွဲ့အစည်းကြီးအတွင်း ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမှာ အရေးကြီးသဖြင့် ကျောင်းသို့လာရောက်ကြ၍ အေးချမ်းစွာ အတူတကွ နေထိုင်နည်းကို သင်ယူလေ့လာကြခြင်း (Learning to live together) ဖြစ်သည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်

အခြေခံပညာသည် နိုင်ငံသားကောင်းဖြစ်မြောက်ရေးအတွက် တာဝန်ယူပြုစုပျိုးထောင်ပေးရသော ပညာရေးဖြစ်သည်နှင့်အညီ "ဗလငါးတန်"နှင့်ပြည့်စုံသော နိုင်ငံသားကောင်းဖြစ်မြောက်လာရန် အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့်တို့တွင် အဆင့်အလိုက် သင်ယူသူတို့၏ ဗီဇ၊ အထုံ၊ ဝါသနာ၊ စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှုတို့အလျောက် အခြေခံပညာသင်ယူသူတစ်ဦးချင်းစီအလိုက် ခံယူနိုင်မှုစွမ်းဆောင်ရည်တို့အရ ကြိုးကုတ်အားထုတ်သင်ယူစေရန်ဖြစ်သည်။ စင်စစ်သော် စာသင်ကျောင်းသို့လာရောက်ခြင်းသည် စာမေးပွဲကို အမှတ်ကောင်းကောင်းနှင့် အောင်မြင်ဖို့ရန် ရည်ရွယ်ချက်တစ်ခုတည်းမဟုတ်ပါ။ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်သည်။

"ပညာရေးကို ပညာရေးနှင့်ဆက်နွယ်ပတ်သက်သူများအားလုံး ပေါင်းစုတာဝန်ယူဆောင်ရွက်ရမည်" ဟူသော အခြေခံသဘောတရား တစ်ရပ်ရှိသည်နှင့်အညီ ကလေးများကျောင်းနေမြဲရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆရာများ၊ ကျောင်းအုပ်များ၊ ပညာရေးကြီးကြပ်သူများ၊ မိဘနှင့်ရပ်ရွာလူထုများ၊ ကျောင်းသားများ၊ ပညာရေးတွင် ပါဝင်ပတ်သက်သူများ အားလုံးပေါင်းစု၍ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်)၊ အခန်း(၈)၊ ပုဒ်မ(၄၅)တွင် **"မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာ ကျောင်းသို့ မဖြစ်မနေကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရန် တာဝန်ရှိသည်"**ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ မြန်မာနိုင်ငံသူ နိုင်ငံသားကောင်းအနေဖြင့် အလေးထားဆောင်ရွက်ရန် အကြံပြုလိုပါသည်။

ဘဝအတွက် အာမခံချက်ရရှိမည်

နိုင်ငံတော်အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် နိုင်ငံသားတိုင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း အနည်းဆုံး KG+9 (အခြေခံပညာ အလယ်တန်းအဆင့်) ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေးပင်ဖြစ်သည်။ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများသည်သာ သက်မွေးပညာသင်ကျောင်းများသို့ တက်ရောက်ရန် အရည်အချင်းပြည့်မီမည်ဖြစ်သည့်အတွက် အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သည့်ကျောင်းသားများ၏ ဘဝအတွက် အာမခံချက်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် Grade-9 အောင်မြင်ပြီးမြောက်သည်အထိ ကျောင်းထားနိုင်ရေး ဦးစွာရည်မှန်းထားရန်လိုအပ်သည်။

ယခုနှစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် **"ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"** ဆောင်ပုဒ်နှင့်အတူ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေလ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ သတ်မှတ်ကာ ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ဇွန်လ ၁ ရက်နေ့တွင် ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ အန္တိမပန်းတိုင်သည် ကျောင်းသားလူငယ်တိုင်း ကျောင်းရောက်ရှိ၍ ပညာသင်ကြားတတ်မြောက်ရေးဖြစ်ရာ ဤပန်းတိုင်သို့ ရောက်ရှိရန်အတွက် ဆရာ၊ ကျောင်းသားများ၊ မိဘနှင့်စီမံခန့်ခွဲအုပ်ချုပ်သူများအားလုံး တက်ညီလက်ညီနှင့် တစ်လေတည်းစီး၊ လျှော်ခတ်သွားကြလျှင် လိုရာပန်းတိုင်သို့ အမြန်ရောက်ရှိနိုင်မည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပါက မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့်အညီ ကျွမ်းကျင်တတ်မြောက်ရမည့် အသိပညာဗဟုသုတများ ပြည့်ဝနေရန်အတွက် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် ကျောင်းနေပျော်၍ စာတတ်မြောက်သော၊ စာတော်သော ကျောင်းသားလူငယ်များ၊ နိုင်ငံ၏ အနာဂတ်သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်၍ မိမိ၏ရင်သွေးငယ်များ၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကျောင်းနေအရွယ်ကလေး၊ လူငယ်များ ပညာရေးမဝေးရန်၊ ကျောင်းသို့ရောက်ရှိရန်၊ ကျောင်းအမြန်အပ်နှံရန်အတွက် ပညာရေးတွင်ပါဝင်ပတ်သက်သူများအားလုံး (Stakeholders)က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

"ပညာရေးသည် ရပ်တန်ရှိရသောအရာမဟုတ်သည့် လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်ဖြစ်သည်။ လူငယ်များ မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကို အပတ်တကုတ်ဆည်းပူးလေ့လာရန်လိုအပ်သည်။ ပညာဆည်းပူးလေ့လာသင်ယူရာတွင် စာသင်ကျောင်းသည် အကောင်းဆုံး၊ အသင့်တော်ဆုံး ပညာသင်ယူရာဌာနဖြစ်၍ ပညာပေးရာစာသင်ကျောင်းသို့ ကျောင်းနေအရွယ် ကလေးအားလုံး ရောက်ရှိရန်အရေးကြီး"

ရခိုင်ပြည်နယ်ရှိ မုန်တိုင်းကြောင့် ထိခိုက်ခံစားရသူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက အရေးပေါ်သုံးကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့

စစ်တွေ မေ ၂၈

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ခံစားရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပြည်သူများအတွက် အရေးပေါ်သုံးကယ်ဆယ်ရေးပစ္စည်းများကို ကူညီထောက်ပံ့ပေးဝေလျက်ရှိသည်။

စစ်တွေမြို့နယ် မြစ်နားကျေးရွာနှင့် ညိုရောင်ချောင်းကျေးရွာများရှိ ဒေသခံပြည်သူများအတွက် အသင်းမှ ထောက်ပံ့သောပစ္စည်းများကို ရခိုင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်ထွေး၊ ရခိုင်ပြည်နယ် စီမံချက်များ စီမံခန့်ခွဲရေးယူနစ် ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်းတို့ ဦးဆောင်ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ ကြက်ခြေနီဝန်ထမ်းများနှင့် ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ပစ္စည်းများထောက်ပံ့

ထိုသို့ ပစ္စည်းများထောက်ပံ့ပေးဝေရာတွင် မြစ်နားကျေးရွာမှ အိမ်ထောင်စု ၁၀၇ စုအတွက် မိသားစုသုံးပစ္စည်း ၃၃ ပုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၀၇ အိတ်၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း ၁၀၇ အိတ်၊ မီးဖိုချောင်သုံးပစ္စည်း ၇၄ စုံ၊ တာပေါ်လင် ၁၄၈ စ၊ ခြင်ထောင် ၇၄ လုံးတို့ကို ထောက်ပံ့ပေးခဲ့ပြီး ညိုရောင်ချောင်းကျေးရွာမှ အိမ်ထောင်စု ၁၃၀ အတွက် မိသားစုသုံးပစ္စည်း ၅၄ ပုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းအိတ် ၁၃၀ ၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအိတ် ၁၃၀ ၊ မီးဖိုချောင်သုံးပစ္စည်း ၇၆ စုံ၊ တာပေါ်လင် ၁၅၂ စ၊ ခြင်ထောင် ၇၆ လုံးတို့ကို ထိခိုက်ခံစားရသူများလက်ဝယ် အရောက် သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အကူအညီလိုအပ်နေသည့် ယာယီခိုလှုံရာစခန်းများနှင့် ကျေးရွာများမှ ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အမိုးအကာများ ဆက်လက်ထောက်ပံ့နိုင်ရန်နှင့် အရေးပေါ် ငွေသားထောက်ပံ့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းအောင်(ကြက်ခြေနီ)

ရခိုင်ပြည်နယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ဝန်ကြီးဌာနအသီးသီး၏ ပစ္စည်းများ ပေးပို့

နေပြည်တော် မေ ၂၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MCL – 3 ရေယာဉ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ဆန်အိတ် ၁၃၀၁၃ အိတ်၊ ဆီပိသာ ၆၀၀ ၊ ခေါက်ဆွဲခြောက်ဖာ ၄၀၀၊ ဆေးဝါးပစ္စည်းဘူး ၁၄၉၀၊ သစ်ခွဲသားဆိုဒ်စုံတန် ၃၀၀၊ သွပ်ချပ် ၂၆၈၄၀၊ ထွန်စက် ၃၃ စီးနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ ဆက်စပ်ပစ္စည်းများ၊ လမ်းမီးတိုင်များ အပါအဝင် ကူညီကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၅၉၂ တန်တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆۷-၃၄၀၄၀၅၀ ၀၉-၂၀၂၁၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၅၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆۷-၃၄၀၄၀၄၈ ၀၉-၂၅၃၁၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆۷-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		



အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ကျွန်တော်တို့ ဆန်စပါးကဏ္ဍကို ပုဂ္ဂလိက-အစိုးရ ပူးပေါင်းပြီးတော့ ဘက်ပေါင်းစုံကနေပြီး တိုးတက်အောင်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်

ပြည်သူလူထု၏ အဓိကအခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်စျေးနှုန်းများ မြင့်တက်လာမှုအပေါ် စျေးကွက်အတွင်း ဆန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ထိန်းညှိလုပ်ဆောင်သွားမည့်အစီအစဉ်များ၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေး၊ ပြည်တွင်း၊ ပြည်ပ ထုတ်လုပ်တင်ပို့နေမှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

တွေ့ဆုံမေးမြန်း - သီသီမင်း
ဓာတ်ပုံ-ဖြိုး

မေး ။ ။ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်နေမှုများနှင့် ပြည်တွင်း၊ ပြည်ပထုတ်လုပ်တင်ပို့နေမှုအခြေအနေကို သိချင်ပါတယ်။

ဖြေ ။ ။ နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့ဆိုတဲ့ လက်ရှိမြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ပုဒ်ရှိပါတယ်။ ဆန်စပါးကဏ္ဍ အနေနဲ့ပြောမယ်ဆိုရင် တစ်နှစ်ကို နွေစပါး၈က နှစ်သန်း၊ မိုးစပါး၈က ၁၅ သန်း တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်တို့ နှစ်စဉ် ၈က ၁၇ သန်းခန့် စိုက်ပျိုးထုတ်လုပ်နေပါတယ်။ ဆန်တန်ချိန် ၁၃ သန်း၊ ၁၄ သန်းခန့် ထုတ်လုပ်မှုရှိပါတယ်။ တန်ဖိုးအားဖြင့် ပြောမယ်ဆိုရင် ကျပ်ဘီလီယံပေါင်း ၁၄၀၀၀၊ ၁၅၀၀၀ ခန့်တန်ဖိုးရှိတယ်။ ဆန်တန်ချိန် ၁၃ သန်း၊ ၁၄ သန်းခန့်မှာ ၁၀ သန်းခန့်က ပြည်တွင်းစားသုံးမှုပါ။ ပြည်ပတင်ပို့တဲ့ လုပ်ငန်းနဲ့ ပြည်တွင်းလက်ကျန်နဲ့က နှစ်စဉ် ကျွန်တော်တို့ တန်ချိန် နှစ်သန်း၊ သုံးသန်းခန့်ရှိပါတယ်။ ပြည်ပတင်ပို့မှုကတော့ ဆန်တန်ချိန် နှစ်သန်းခန့် နှစ်စဉ် တင်ပို့နိုင်ပါတယ်။

ဆန်စပါးမူဝါဒနဲ့ပတ်သက်ရင် နိုင်ငံတော်က သတ်မှတ်ထားတာ ပြည်တွင်းဖူလုံဖို့က အဓိကဖြစ်ပါတယ်။ ပိုလျှံတော့မှ ပြည်ပပို့ဖို့ပေါ့။ မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေက သန်း ၅၀ ကျော်၊ ၆၀ ရှိပါတယ်။ သန်း ၅၀ ကျော် ၆၀ ကနေ တစ်နေ့နေ့မှာ လူဦးရေ သန်း ၁၀၀ ဖြစ်ခဲ့မယ်ဆိုရင် လူဦးရေသန်း ၁၀၀စားသုံးနိုင်အောင် ထုတ်လုပ်တဲ့ စားရေရိက္ခာဖူလုံမှု ရည်မှန်းချက်က နိုင်ငံတော်အကြီးအကဲတွေ လမ်းညွှန်ထားတဲ့ ကာလရှည်ရည်မှန်းချက်ဖြစ်ပါတယ်။

အဲဒီလိုပဲ ပြည်ပကို တင်ပို့တဲ့နေရာမှာ အရည်အသွေးကောင်း တန်းမြှင့်ဆန်ကို ကျွန်တော်တို့ ပိုမိုပြီး တင်ပို့နိုင်ဖို့ ဆန်တန်ချိန် သုံးသန်း၊ လေးသန်း၊ ငါးသန်းဆိုတာထက် ဆန်တင်ပို့မှုကနေ ဝင်ငွေ ဘယ်လောက်တိုးတက်ရမလဲဆိုတဲ့ဟာ တစ်နည်းအားဖြင့် Qualitative drive နဲ့ ကျွန်တော်တို့ သွားဖို့ ရှိပါတယ်။

အသင်းချုပ်အနေနဲ့ ဆန်တင်ပို့မှုကနေပြီးတော့ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရဖို့ ကာလတိုမှာ ရည်မှန်းချက်ထားပါတယ်။ ကာလတိုဆိုတာက သုံးနှစ်လောက်အတွင်းမှာ တစ်နှစ်ကို ဆန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ခန့်ရအောင်။ အခုဆိုရင် အမေရိကန်ဒေါ်လာ သန်း ၈၀၀၊ ၉၀၀ လောက်ရတယ်။ ဒါက နံပါတ် (၁) ရည်မှန်းချက်ပါ။

နံပါတ် (၂) ရည်မှန်းချက်က အရည်အသွေးကောင်းတဲ့ တန်းမြှင့်ဆန်၊ ပြည်တွင်းစျေးကွက်က ကြိုက်တဲ့ဆန်တွေ၊ ပြည်ပစျေးကွက်က ကြိုက်တဲ့ဆန်တွေ တန်းမြှင့်ဆန်တွေကို ဦးစားပေးပြီး စိုက်ပျိုးထုတ်လုပ်ဖို့ရှိပါတယ်။ ပြည်တွင်းစျေးကွက်က ကြိုက်တဲ့ဆန်တွေဆို ပေါ်ဆန်းအုပ်စု၊ မနောသုခ၊ ပြည်တွင်းမှာစားတဲ့ ရက် ၉၀ ၊ ဇရာပဒေသာ၊ ဇရာမင်း၊ ပခန်း၊ နံကား စတဲ့ပြည်တွင်းစျေးကွက်က ကြိုက်နှစ်သက်တဲ့ဆန်တွေကို ဦးစားပေးပြီး ထုတ်ဖို့ရှိတယ်။

အဲဒီလိုပဲ ပြည်ပစျေးကွက်က ကြိုက်တဲ့ ၀စိန်၊ ကရင်မ၊ ဆင်းသုခ၊ ရက် ၉၀ စတဲ့ မျိုးတွေကိုလည်း မျိုးစေ့ကနေစပြီး ထုတ်လုပ်ကြတ်ခွဲသိလှောင်ရောင်းချတဲ့လုပ်ငန်းစဉ်တွေကိုပါ လုပ်နေပါတယ်။

ဆန်စပါးဟာ ပြည်တွင်းနေ့စဉ် အားလုံးစားသုံးနေတဲ့ စားရေရိက္ခာဖြစ်တယ်။ ဆန်စက်တွေက မြန်မာနိုင်ငံမှာ နှစ်သောင်းဝန်းကျင်ရှိပြီး ဆန်စပါးလုပ်ငန်းတစ်ခုလုံးနဲ့ဆက်စပ်ပြီး အလုပ်အကိုင်ဖန်တီးပေးထားတာ ၁၀ သန်းလောက်ရှိတယ်။ ဆန်စပါးကို စိုက်ပျိုးတဲ့တောင်သူက လေးသန်းလောက်ရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆန်စပါးကဏ္ဍကို ပုဂ္ဂလိက–အစိုးရ ပူးပေါင်းပြီးတော့ ဘက်ပေါင်းစုံကနေပြီး တိုးတက်အောင်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။

မေး ။ ။ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါ လိုအပ်ချက်တွေ၊ နိုင်ငံတော်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးမှုတွေ ရှိရင်လည်းသိချင်ပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ရဲ့ ကာလတို၊ ကာလလတ်၊ ကာလရှည် ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာ နံပါတ်တစ်အနေနဲ့ ပုဂ္ဂလိကအစိုးရ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းလာဖို့လိုပါတယ်။ နံပါတ်နှစ်က ဆန်စပါးကဏ္ဍအတွင်းမှာရှိနေတဲ့ တောင်သူတွေ ၊ စက်ပိုင်တွေ၊ ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေအားလုံး လုပ်သာကိုင်သာရှိတဲ့အခြေအနေတွေ ဖန်တီးပေးဖို့ လိုပါတယ်။ တတိယတစ်ချက်ကတော့ ချေးငွေတွေ လိုပါတယ်။ ချေးငွေဆိုတဲ့နေရာမှာ အသေးစား၊ အလယ်စားနှင့် အလတ်စား MSME ချေးငွေတွေလိုတယ်။ Export လုပ်တဲ့သူတွေအတွက် ချေးငွေတွေလိုတယ်။ စက်ပိုင်တွေအတွက် လှည့်ပတ်ငွေ၊ စက်တွေ အဆင့်မြှင့်တင်ဖို့ ချေးငွေတွေလိုတယ်။

အခုဆိုရင် ကျွန်တော်တို့ စပါးခွံကနေ လျှပ်စစ်ဓာတ်အားထုတ်ဖို့၊ဖွဲနုကနေ ဖွဲနုဆီ၊ စားသုံးဆီထုတ်ဖို့၊ ဆန်စပါးကနေ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်ဖို့ ဒါတွေက ကျွန်တော်တို့သွင်းကုန်အစားထိုးကုန် ထုတ်လုပ်မှုတွေလုပ်ဖို့ ဒီအတွက် ကျွန်တော်တို့က ချေးငွေတွေလိုပါတယ်။ ချေးငွေဆိုတဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍကလည်း ထည့်ဖို့ရှိတယ်။ နိုင်ငံတော်ဘက်ကလည်းပါဝင်ပြီး လုပ်ငန်းတွေလုပ်ဖို့ စီစဉ်နေတဲ့အနေအထားဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်းကတော့ ပို့ကုန်ချေးငွေ (Export financing) ကို ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလမှာ ဘီလီယံ ၈၀ နီးပါး ဆန်စပါး အသင်းချုပ်ကနေ တစ်ဆင့် Export လုပ်နေတဲ့ကုမ္ပဏီတွေကို ပေးပါတယ်။ ဒါပထမဆုံးပေးတာပါ။ တော်တော်ကိုများတဲ့ ပမာဏဖြစ်ပါတယ်။

နိုင်ငံတော်ကနေပြီးတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနရယ်ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ဆန်စပါးအသင်းချုပ်နဲ့ ကုမ္ပဏီ ၄၀ ကျော်၊ ဒီ ကုမ္ပဏီ ၄၀ ကျော်နဲ့ ဘဏ်လားဒေရှ်နိုင်ငံကို ဆန်တန်ချိန် နှစ်သိန်းကျော်တင်ပို့ခဲ့ပါတယ်။ ဒီဆန်တန်ချိန် နှစ်သိန်းတင်ပို့တဲ့လုပ်ငန်းစဉ်တွေကို လွယ်ကူချောမွေ့အောင် ပို့ကုန်ချေးငွေကို နိုင်ငံတော်ကနေ ဘီလီယံ ၈၀ လောက် ပေးတာဖြစ်ပါတယ်။ လုပ်ငန်းစဉ်တွေကို ဆက်ပြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပို့ကုန်ချေးငွေရတဲ့အတွက် ဘဏ်လားဒ့ှ်ရှိနိုင်ငံကို ဆန်တန်ချိန် နှစ်သိန်း တင်ပို့နိုင်တယ်။ တင်တဲ့အခါမှာ ရန်ကုန်ဆိပ်ကမ်းတင်မဟုတ်ဘူး၊ ရခိုင်ပြည်နယ် စစ်တွေကနေလည်း တင်တယ်။ ဧရာဝတီ ပုသိမ်ကလည်း တင်တယ်၊ ဆိပ်ကမ်းတွေ ခွဲပြီးတော့တင်တဲ့အခါမှာ ပြည်ထောင်စုမှာရှိတဲ့ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေကြားထဲမှာလည်း ဖွံ့ဖြိုးမှုလမ်းကြောင်းက ပိုပြီးဟန်ချက်ညီပါတယ်၊ ပြည်ပကို တင်ပို့တဲ့လုပ်ငန်းကို လုပ်တဲ့အခါမှာ ရန်ကုန်တစ်ခုတည်းတင်မဟုတ်ဘဲနဲ့ ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဆိပ်ကမ်း၊ နောက်ဆိုရင် မော်လမြိုင်ဘက်ကနေ

ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်

တင်ပို့နိုင်တဲ့အနေအထားတစ်ခုအထိလုပ်ဖို့ လမ်းညွှန်မှုတွေနဲ့အညီ ကျွန်တော်တို့စီစဉ်နေပါတယ်။ ပြည်ပတင်ပို့တဲ့လုပ်ငန်းကိုလည်း ကျွန်တော်တို့က ဆက်လက်ပြီးဖွံ့ဖြိုးအောင် ပို့ကုန်ချေးငွေလိုမျိုး အစီအစဉ်တွေကို ဆက်လက်ပြီးလုပ်ဖို့အစီအစဉ်တွေ လည်းရှိတယ်။

ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သင့်တာတွေကို ဆန်စပါးအသင်းချုပ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေဖြစ်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဌာနဆိုင်ရာတွေနဲ့ စိုက်ပျိုးရေးသုတေသန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ဖွံ့ဖြိုးရေးမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တယ်။ ပြည်တွင်းစျေးကွက်တည်ငြိမ်အောင်ရယ် ပြည်ပတင်ပို့မှုကိုလည်း ကျွန်တော်တို့လုပ်နိုင်အောင် ညှိနှိုင်းပြီး ဆောင်ရွက်နေတယ်ဆိုတာပြောချင်ပါတယ်။

မေး ။ ။ ဆန်စပါးစျေးနှုန်း မြင့်တက်လာရတဲ့ အကြောင်းရင်းနဲ့ စျေးနှုန်းတည်ငြိမ်ရေးအတွက် မည်ကဲ့သို့ထိန်းညှိဆောင်ရွက်သွားမယ်ဆိုတာ သိချင်ပါတယ်။

ဖြေ ။ ။ ဆန်စျေးနှုန်း မြင့်တက်နေတဲ့အပေါ်မှာ အကြောင်းအရာက သုံးခုလောက်ရှိတယ်။ အဓိကက လှောင်လက်တွေများတယ်။ စျေးကို တက်အောင်လုပ်ပြီးမှ ထုတ်ရောင်းတာဖြစ်တယ်။ ဒီဟာတွေကို ကျွန်တော်တို့က စိစစ်ဖော်ထုတ်ပြီး ဆောင်ရွက်ဖို့ရှိပါတယ်။ လူမှုကွန်ရက်တွေကနေပြီးတော့ မှန်တဲ့သတင်းတွေ တင်ပြနေတာရှိသလို လွဲမှားနေတဲ့သတင်းတွေ၊ သူတို့ရဲ့ရည်ရွယ်ချက်ကို အားပေးနေတဲ့သတင်းမျိုးတွေကို တားဆီးဖို့ရှိပါတယ်။

အခုဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆန်သိုလှောင်တဲ့သူတွေ မှတ်ပုံတင်မယ့်စနစ် လုပ်ဖို့ ရှိပါတယ်။ လှောင်လက်တွေဆိုတဲ့နေရာမှာ ပုံမှန်သမားရိုးကျလှောင်တဲ့သူတွေရှိသလို အခြားရွှေတို့၊ ဒေါ်လာတို့စျေးကစားလို့မရအောင် နိုင်ငံတော်အစိုးရကနေပြီးတော့ ကိုင်တွယ်ထားတဲ့အခါမှာ ဆန်တို့၊ ပဲတို့မှာ လာပြီးတော့ရင်းနှီးမြှုပ်နှံတယ်။ လာပြီးရင်းနှီးမြှုပ်နှံတာကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ စျေးကွက်ကမောက်ကမဖြစ်အောင် လာပြီးလုပ်တဲ့အနေအထားမျိုးဆို ပြည်သူတွေရော အားလုံးထိခိုက်မှာဖြစ်တဲ့အတွက် ဒီကိစ္စတွေမလုပ်ဖို့ပေါ့၊ အခုတော့ ကျွန်တော်တို့က သိုလှောင်ရုံမှတ်ပုံတင်စနစ်ကို စတော့မှာဖြစ်ပါတယ်။

ဒီလိုမျိုး သိုလှောင်ရုံမှတ်ပုံတင်စနစ်ကို လုပ်ခြင်းအားဖြင့် ကိုယ့်ပြည်တွင်းမှာ ဘယ်လောက်သိုလှောင်ထားတယ်ဆိုတာ ကိန်းဂဏန်းအချက်အလက် ခိုင်ခိုင်မာမာသိနိုင်သလို၊ သိုလှောင်တဲ့သူတွေရဲ့ မှန်မှန်ကန်ကန်လုပ်တဲ့အနေအထားပေါ်မှာ ကူညီပေးလို့ ရသလို ရည်ရွယ်ချက်ရှိရှိနဲ့ ကမောက်ကမဖြစ်အောင် လုပ်တဲ့သူတွေကို ဟန့်တားနိုင်တယ်၊ တားဆီးနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့သိုလှောင်ရုံ မှတ်ပုံတင်တဲ့စနစ်ကို စပြီးတော့လုပ်ပါမယ်။ ဒီဟာကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါကျရင် ဆန်တန်ချိန် ၅၀၊ စပါးတင်း ၅၀၀၀၊ အဲဒီထက်ပိုပြီး သိုလှောင်မယ်ဆိုရင် မှတ်ပုံတင်လိုပါတယ်၊ ဒါကိုဆောင်ရွက်ဖို့ စီစဉ်နေတဲ့ အနေအထားဖြစ်ပါတယ်။ တောင်သူတွေ သိုလှောင်မှု၊ ရိက္ခာချန်ထားမှုတွေနဲ့တော့ မဆိုင်ပါဘူး။ ဆန်စက်၊ ဆန်ကုန်သည်၊ ဆန်အရောင်းဆိုင်တွေနဲ့ လုပ်ငန်းရှင်တွေရဲ့ သိုလှောင်မှုကိုသာ မှတ်ပုံတင်မှာ ဖြစ်ပါတယ်။

မေး ။ ။ ဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါရှင့်။

ဖြေ ။ ။ စျေးကွက်ထဲမှာ ပြည်သူကို သတင်းမှားတွေ ပေးနေတာရှိတယ်။ စိုးရိမ်ပူပန်မှုတွေ ဖြစ်အောင်ဖန်တီးတယ်။ လူမှုကွန်ရက်ကနေ ဆန်စျေးနဲ့ပတ်သက်ပြီး သတင်းမဟုတ်တာတွေ လှုံ့ဆော်နေတာတွေ့ရတယ်။ တချို့ဆို ရည်ရွယ်ချက်ရှိရှိ လုပ်နေတာတွေ့ရတယ်။ ဆန်အဝင်မရှိပါဘူးဆိုတာတွေ။ ဆန်အဝင်မရှိပါဘူးဆိုတော့ ပြည်သူလူထုက စိုးရိမ်တာပေါ့၊ ဆန်ပြတ်လပ်သွားရင် ဘယ်လိုလုပ်မလဲဆိုပြီးဖြစ်ကြတာ၊ အမှန်ကမဟုတ်ပါဘူး၊ ကျွန်တော်တို့မှာ စပါးက လုံလုံလောက်လောက်ရှိပါတယ်။ လျှပ်စစ်မီးက အချိန်ကန့်သတ်ချက်နဲ့ပဲ ရတဲ့အခါကျတော့ ဆန်စက်တွေက လည်ပတ်ရတဲ့အချိန်နည်းတယ်။ မီးစက်နဲ့လည်ရတဲ့အခါကျတော့ စျေးကြီးတယ်။ ဒီပေါ်မှာ နည်းနည်းအခက်အခဲရှိတဲ့အတွက် ဆန်အဝင်က နည်းကောင်းနည်းနိုင်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းဖူလုံမှု၊ ပိုလျှံမှုက အမှန်တကယ်ရှိတာဖြစ်လို့ စိုးရိမ်ဖို့မလိုအပ်ပါဘူး။

လက်ရှိဆန်စျေးနှုန်းတွေကို ကြည့်မယ်ဆိုရင် မနှစ်ကထက် ဒီနှစ်ဆန်စျေးနှုန်းတွေဟာ တချို့ဆန်အမျိုးအစားတွေမှာ ၃၀ ရာခိုင်နှုန်းလောက် တက်တယ်။ တချို့ဆန်အမျိုးအစားတွေ မှာဆို ၇၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းလောက်အထိကို တက်သွားတယ်။ စက်ရုံအလုပ်ရုံဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေကို သက်သာတဲ့စျေးနဲ့ ဆန်ဖြန်ဖြူးတဲ့အစီအစဉ်ကို လုပ်ဆောင်သွားဖို့ ရှိပါတယ်။ အခုလည်းလုပ်ဆောင်နေပါတယ်၊ နောက်လည်း ဒီထက်တိုးချဲ့ပြီးလုပ်သွားဖို့ အစီအစဉ်တွေရှိပါတယ်။

စားသုံးသူပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ဆန်ကို လိုသလောက်ပဲဝယ်ပါ။ ဆန်စျေးနှုန်းတည်ငြိမ်အောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဝယ်ရင်လည်း ထိုက်သင့်တဲ့ပစ္စည်းမှန်စျေးနှုန်းမှန်လားဆိုတာ ဝယ်သူတွေဘက်က ကူညီပေးစေချင်တယ်။ ကျွန်တော်တို့ဘက်ကလည်း ဆန်ကို သိုလှောင်ပြီးစျေးကစားတာတို့၊ စျေးနှုန်းကြီးမြင့်အောင်လုပ်တာတို့ကို ဖော်ထုတ်ပြီး ပညာပေးတာ အရေးယူတာတွေလုပ်ဖို့ စီစဉ်နေပါပြီ။ ဒါကြောင့် စားသုံးသူနဲ့ ရောင်းချသူနှစ်ဦးနှစ်ဖက် ညီမျှမယ်ဆိုရင် စျေးကွက်တည်ငြိမ်မှုမှာ ပိုပြီးတော့ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။ ။

မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၈

မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် လေးရက်ကြာကျင်းပရာ ယနေ့တွင် ကုန်စည်ပြပွဲနောက်ဆုံးနေ့အဖြစ် ပြခန်းများကို ဆက်လက်ခင်းကျင်းပြသသည်။

အဆိုပါကုန်စည်ပြပွဲ၌ လာရောက်ပြသကြသည့် နှစ်နိုင်ငံမှကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအကြား ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲများ ကျင်းပခြင်း၊ နားလည်မှုစာချုန်လွှာနှင့် ကုန်သွယ်မှုသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းတို့ကိုလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် AJ Myanmar Co., Ltd. နှင့် Shenyang Tianfeng Bio–Pharm Co., Ltd. တို့အကြား ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချုန်လွှာကိုလည်းကောင်း၊ Yoma Bank Limited၊ Fully Light Group of Companies နှင့် Kokang Ethnic Entrepreneurs Association Incorporated (KKEEA) တို့အကြား ဘဏ်ငွေပေးချေမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချုန်လွှာတို့ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ကုန်စည်ပြပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းများနှင့် အများပြည်သူများ စိတ်ဝင်တစားလာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ၌ လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ စတုတ္ထနေ့ကျင်းပ
လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ

နေပြည်တော် မေ ၂၈

မြန်မာ (နေပြည်တော်)– တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၂ ၌ ဆက်လက်ကျင်းပရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်။

လာရောက်လေ့လာ

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည် လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ကုမ္ပဏီ ၆၅ ခုမှ ပြခန်းပေါင်း ၇၉ ခန်း၊ တရုတ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင် ၇၀ မှ ပြခန်းပေါင်း ၄၀ ခန့်က ခင်းကျင်းပြသ လျက်ရှိရာ Electric Vehicle (EV) မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်စက်ဘီးနှင့် ဆီသုံးဆိုင်ကယ်တို့ကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်။

တရုတ်နိုင်ငံဘက်မှ လာရောက်ပြသသည့် Henan Feibo Vehicle Industry Co., Ltd. ပြခန်း က အရောင်းမိတ်ဆက်သည့် BOMA–X9 လျှပ်စစ်မော်တော်ကားသည် အကြမ်းဖျင်းဈေး သိန်း ၁၂၀ ခန့် ဝန်းကျင်ရှိပြီး အမြန်နှုန်း ၅၅ ကီလိုမီတာ၊ မိုင်အားဖြင့် မိုင် ၁၀၀ ခန့်၊ အားသွင်းရာတွင်လည်း မိမိအိမ်ရှိ လျှပ်စစ်ဖြင့် ဗို့အား ၂၂၀ ဖြင့် အားသွင်းနိုင်ပြီး ကြာချိန် သုံးနာရီ၊ ခြောက်နာရီခန့် ကြာမြင့်သည်ဟု သိရသည်။ ထို့ပြင် BOMA–X7, BOMA– X5 လျှပ်စစ်မော်တော်ကားတို့သည်လည်း အကြမ်းဖျင်းဈေးသိန်း ၈၀၊ ၆၅ သိန်းတို့ဖြစ်ပြီး အရောင်ကာလာ အမျိုးမျိုးရှိကြောင်း သိရသည်။ BM–1.8 လျှပ်စစ် သုံးဘီးဆိုင်ကယ်သည် အကြမ်းဖျင်းဈေး ၃၂ သိန်းခန့်ရှိပြီး တန်ချိန် တစ်တန်ခွဲ တင်နိုင်ကာ ဟိုက်ဒရောလစ် စနစ်ပါဝင်သည်။ N–9 လျှပ်စစ်ဆိုင်ကယ်အမျိုးအစားသည် အားသွင်းချိန် နှစ်နာရီခန့်ကြာပြီး မိုင် ၃၀ ခန့်သွားနိုင်သည်ဟု သိရသည်။ ကုမ္ပဏီအနေဖြင့် မကြာမီတွင် ဈေးကွက်အတွင်းသို့ ရောင်းချသွားမည်ဖြစ်ပြီး လျှပ်စစ်မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်တို့ကို ကုမ္ပဏီဘက်မှ အစမ်းမောင်းနှင်ခွင့်ပေးထား၍ ဈေးဝယ်ပြည်သူများက စိတ်ဝင်တစားလာရောက်လေ့လာကြသည်။

နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန်မှ ထုတ်လုပ်လျက်ရှိသည့် Myanmar New Power Motorcycle Co.,Ltd. မှ တာဝန်ရှိသူ ဦးအောင်ကျော်ဝင်းက “ဒီကုန်စည်ပြပွဲမှာ ဆီသုံးဆိုင်ကယ်နဲ့ လျှပ်စစ်သုံးဆိုင်ကယ်ဆိုပြီး နှစ်မျိုးပြသဖြစ်ပါတယ်။ လျှပ်စစ်သုံးဆိုင်ကယ် အမျိုးအစားကိုတော့ ဒီပြပွဲမှာ တစ်မျိုးတည်းပဲ ပြသပါတယ်။ ဒီလျှပ်စစ်သုံးဆိုင်ကယ်ရဲ့ အမြန်နှုန်းက အများဆုံး ၁၀၀ ကီလိုမီတာအထိ မောင်းလို့ရပါတယ်။ အားသွင်းချိန်ကတော့ သုညကနေ အပြည့်ထိ သွင်းမယ်ဆိုရင် ကြာချိန် ခုနစ်နာရီခန့်ရှိပါတယ်။ အားအပြည့် သွင်းထားမယ်ဆိုရင်တော့ မိုင် ၄၀ ကနေ ၅၀ကြားအထိ သွားနိုင်ပါတယ်။ လျှပ်စစ်ဆိုင်ကယ်ကို အကြမ်းဖျင်းဈေး သိန်း ၅၀ လို့ သတ်မှတ်ထားပါတယ်။

မိုင် ၃၀၀ သွားနိုင်

နောက်တစ်မျိုးကတော့ ဆီသုံးဆိုင်ကယ် 110နဲ့ 125 ဆိုင်ကယ် အမျိုးအစားနှစ်မျိုး ပြသထားပါတယ်။ လိုင်စင်ပါ 125 ဆိုင်ကယ်ကို ငွေကျပ် ၁၆ သိန်းခွဲနဲ့ 110 ဆိုင်ကယ်ကို ငွေကျပ် ၁၆ သိန်းနဲ့ရောင်းချပေးပါတယ်” ဟု ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ လာရောက်ပြသသည့် EV MALL Myanmar ကုမ္ပဏီပြခန်းတွင် ရောင်းချသည့် MG 4 (long Range) Standand, NETA Pro, BYD Han နှင့် Honda ENS လျှပ်စစ်မော်တော်ကား အမျိုးအစားတို့သည် AC စနစ်ကို အသုံးပြုပါက အားသွင်းချိန် ရှစ်နာရီကြာ၍ DC စနစ်ကို အသုံးပြုပါက မိနစ် ၃၀ ခန့်သာ ကြာမြင့်ပြီး မိုင်အားဖြင့် မိုင် ၃၀၀ အထိ သွားနိုင်ကြောင်း သိရသည်။ ထိုမော်တော်ကားအမျိုးအစားများ၏ ဘက်ထရီနှင့် မော်တာတို့အတွက် အာမခံ ရှစ်နှစ်ပေးထားကြောင်း သိရသည်။

Yoma Bank ပြခန်း

ကုန်စည်ပြပွဲတွင် လာရောက်ရောင်းချကြသည့်လူသုံးကုန်ပစ္စည်းအမျိုးအစားနှင့် ဆက်စပ်လျက်ရှိသည့် Yoma Bank ပြခန်းမှ တာဝန်ရှိသူ ဦးထွန်းထွန်းလင်းက “ကျွန်တော်တို့ ဘဏ် နှစ် ၃၀ ပြည့်နဲ့ ဒီကုန်စည်ပြပွဲရက်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားပါတယ်။ ကျွန်တော်တို့ ဘဏ်က ဒီကုန်စည်ပြပွဲမှ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာကျင်းပတဲ့ ဘယ်ပွဲမဆို ပါဝင်ပူးပေါင်းဖြစ်ပါတယ်။ ဒီပြပွဲကို ပါဝင်ဖြစ်တဲ့ ရည်ရွယ်ချက်က ဒီကုန်စည်ပြပွဲနဲ့ ကျွန်တော်တို့ ဘဏ်ရဲ့ Product တွေနဲ့လည်း ကိုက်ညီပါတယ်။ ကျွန်တော်တို့ ဘဏ်မှာ ကားအရစ်ကျ၊ အိမ်ရာချေးငွေတို့လည်း ရှိပါတယ်။ ဒါ့ပြင် စီးပွားရေး လုပ်ငန်းရှင်တွေလည်း လာကြည့်ကြမယ်လို့ ထင်ပါတယ်။ အဲဒီအတွက် ချေးငွေအမျိုးအစား အမျိုးမျိုးရှိတဲ့အတွက် သူတို့နဲ့ ကိုက်ညီတဲ့ ချေးငွေတွေကို ကျွန်တော်တို့က ရှင်းပြချင်တာပါ။ ကျွန်တော်တို့ဘဏ်ရဲ့လုပ်ဆောင်မှုတွေကို ဒီကုန်စည်ပြပွဲကနေ တစ်ဆင့် လူများစွာကို ဖြန့်ကျက်ပြီး ပိုမိုသိနိုင်မယ်လို့ ထင်ပါတယ်” ဟု ပြောကြားသည်။

မြန်မာ(နေပြည်တော်)–တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲတွင် လက်ဝတ်ရတနာများ၊ အိမ်တွင်းအလှဆင် ပရိဘောဂ အမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲ၊ ကော်ဖီ၊ သဘာဝမန်ကျည်းလုံးနှင့် ဆီးလုံး၊ သဘာဝမန်ကျည်းအနှစ်၊ ဆီးအနှစ်၊ အချိုရည်၊ ပေါ်ဆန်းမွှေးဆန်၊ ကြာဆံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် အစားအစာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ သီဟိုဠ်စေ့၊ ပိန္နဲယို၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကြွေပြား၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ အချိုရည်၊ ရိုးရာအရက်၊ LED မီးသီးနှင့် မီးချောင်းများ၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဗာတာ၊ ဘက်ထရီ၊ EV–Chargingနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်သားအချောထည်၊ လက်ဖက်ခြောက်၊ သစ်ကြားသီး၊ စားသောက်ကုန်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ကိုးကန့်ရိုးရာအဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ ဈေးဝယ်ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကိန်းပြခန်းတွင် အထူးဈေးနှုန်းဖြင့် မြေကွက်များကို ဝယ်ယူနိုင်သည့်အပြင် လျှပ်စစ်သုံးမော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီးနှင့် စက်ဘီးတို့ကိုလည်း စီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်သူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

သတင်း–အေးအေးသန့်
ဓာတ်ပုံ–ထိန်နန်နော်

ဒိုက်ဦးမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပွဲကျင်းပ

ဒိုက်ဦး မေ ၂၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီအကြိုသစ်ပင်စိုက်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ် (၁၁၀)တွင် ပြုလုပ်သည်။

အခမ်းအနားသို့ ဒိုက်ဦးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသန်းမင်းအေးနှင့်ဝန်ထမ်းများ၊ ဥသျှစ်ကုန်း အမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဥသျှစ်ကုန်းအမြန်လမ်း မီးသတ်စခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ် ဥသျှစ်ကုန်းကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက နှစ်ပေအထက်ရှိသော ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ မန်ဂျန်ရှားပင် ၅၀၊ စိန်ပန်းပင် ၅၀၊ ကဲ့ကော်ပင် ၅၀၊ ပိတောက်ပင် ၅၀ စုစုပေါင်းအပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ် ထားရှိရာ ယမန်နေ့တွင် မြောက်ဦးခရိုင် မင်းပြား မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဧော် သည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်ပညာရေးမှူး ရုံးခန်းမ၌ ကျောင်းဖွင့်ချိန်အမီ ကျောင်းများ ဖွင့်လှစ် နိုင်ရေးအတွက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်း များမှ ဆရာ ဆရာမများနှင့် ကျောင်းအုပ်ကြီးများ၊

ဆောက်လုပ်ရေးအဖွဲ့များကို တွေ့ဆုံ၍ ကျောင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးနိုင်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မုန်တိုင်းသင့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာ များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့သည်။

အလားတူ မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများ နှင့်အတူ ယနေ့တွင်လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည် ထူထောင်ရေးကော်မတီနှင့် အလှူရှင်များ ထောက်ပံ့ လှူဒါန်းသော တပ်မတော်ကမ်းထိုးရေယာဉ်ဖြင့် တင်ဆောင်ရောက်ရှိလာသည့် ပစ္စည်း ၁၃ မျိုးကို လေဘေးသင့်ပြည်သူများထံသို့ အမြန်ရောက်ရှိရေး တို့အတွက် မြို့နယ်သဘာဝဘေး ပြန်လည်ထူထောင် ရေး ကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက် ခဲ့သည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသာ ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြုလုပ်သည့် စစ်တွေမြို့အတွင်း စုပေါင်း သန့်ရှင်းရေးဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက် ရောက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်၌ တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၈

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင် ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှု ကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက်ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းမကြီးတစ်လျှောက်တွင် လမ်းဘေးဘယ်ညာမှ လဲကျနေသော သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေ သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါ မြို့ရှိ လမ်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင် ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့ဦးကျေးရွာရှိ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင် ရွက်ပေးလျက်ရှိသည်။ ထို့ပြင် တပ်မတော်အကြီး အကဲ၏လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်း

ထားသည့်အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် မေ ၂၈

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံး မှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ၏ စားသောက်ရေး အဆင်ပြေစေ ရန်နှင့် မိမိတို့အလိုရှိရာ စားသောက် ကုန်ပစ္စည်းများကို စျေးနှုန်း သက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲ သားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန် အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်း များကို ပြင်ပပေါက်စျေးထက် သက်သာသော စျေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ ခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန် တွင် သက်သာသောစျေးနှုန်းများ ဖြင့် ရောင်းချပေးမှုအပေါ် တာဝန် ရှိသူများအား အထူးပင်ကျေးဇူး တင်ရှိကြောင်း သိရသည်။

သတင်းစဉ်

မုဒုံမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မုဒုံ မေ ၂၈

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကော့ခပုံ ကျေးရွာရှိ သုသာန်ဝင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မုဒုံမြို့နယ်တပ်နယ်မှူး ဒုတိယဗိုလ်မှူး ကြီးကျော်ဝင်း၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ကျေးရွာနေပြည်သူများက ကျွန်းပင် ၆၀၊ ပျဉ်းကတိုးပင် ၁၂၀၊ မဟော်ဂနီပင် ၁၂၀၊ မန်ဂျန်ရှားပင် ၁၅၀၊ အော်ရီးရှားပင် ၅၀ စုစုပေါင်း ပျိုးပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန ၏အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ဘိုကလေးမြို့နယ် ကြိမ်ချောင်း ကဒုံကနိကားလမ်းဘေး ကုံကော် တစ်ထောင်ဘုရားအနီးတွင် မေ ၂၇ ရက်က ကျင်းပစဉ်။ ၃၆၄

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၈

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့ စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ပို့ဆောင်

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ရေသန့်ကတ်များ၊ ကော်ပုံး(အကြီး/အသေး)များ၊ ဆေးကုသရေးဆိုင်ရာပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် နှစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ငါးသေတ္တာဘူးများ၊ ဆပ်ပြာခဲ၊ ဆပ်ပြာတောင့်၊ ဆပ်ပြာမှုန့်များ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မိုးကာလိတ်များနှင့် စားသောက်ဖွယ်ရာများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ချီးမြှင့်ငွေများပေးအပ်

ထိုသို့ ပို့ဆောင်နေမှုများကို တာဝန်ရှိသူများက လာရောက်အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်

နေပြည်တော် မေ ၂၈

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစင်းသည် ရေတုံကင်အစုံ ၇၀၊ ကျောင်းစိမ်းဝတ်စုံအထုပ်ကြီး ၁၃ ထုပ်၊ ထောက်ပံ့ပစ္စည်းစုံ ၃၆ ထုပ်၊ ရေသန့်ဆေးပြား ၁၉၈ ဖာ၊ ၅၂ ဂါလန်(ဒီဇယ်) ပီပါအလုံး ၇၀၊ ကယ်ဆယ်ရေးကော်ပုံးကြီး ၂၄ ပုံး၊ မိုးကာစ ၂၄ ထုပ်၊ မိုးကာတဲငုတ်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၂၄ တန်တို့ကို ရေချမ်းပြင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်နှင့် ဘူးသီးတောင်ကမ်းထိုးရပ်များသို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် စတုတ္ထအစင်းသည် သစ် ၁၀ ဒသမ ၅ တန်၊ ရေပုံး ၆၈ ပုံး၊ LED မီးလုံး ၄၇၃ လုံး၊ ဆန်အိတ် ၂၀၀၊ ဆီပိသာ ၃၀၀၊ ဆား ပိသာ ၆၀၊ ပဲပိသာ ၉၀၀၊ ရေသန့် ၈၇၅ ကတ် စုစုပေါင်းကုန်တန်ချိန် ၂၉ ဒသမ ၅ တန်တို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပဉ္စမအစင်းသည် သွားတိုက်ဆေး ၂၅ ဂရမ် ဘူး ၆၀၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ်ဘူး ၆၀၀၀၊ သွားတိုက်တံ အချောင်း ၂၃၀၀၊ ၂၀ လီတာ ရေသန့်ဘူးခွံ ၅၀၀၊ သွားတိုက်တံအချောင်း ၂၃၀၀၊ သွားတိုက်ဆေး ၂၅ ဂရမ် ဘူး၂၁၆၀၊ သွားတိုက်ဆေး ၇၅ ဂရမ် ဘူး ၂၀၀၀၊ အဝတ်အထည် အထုပ်ကြီး ၁၂ ထုပ် စုစုပေါင်းကုန်တန်ချိန် ၁၀ တန်တို့ကို စစ်တွေမြို့ ESSAR တံတားခွံ့ တင်ဆောင်၍ ရေချမ်းပြင် ကမ်းထိုးရပ်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် စတုတ္ထအစင်းသည် သစ် ၁၀ ဒသမ ၅ တန်၊ ရေပုံး ၆၈ ပုံး၊ LED မီးလုံး ၄၇၃ လုံး၊ ဆန်အိတ် ၂၀၀၊ ဆီပိသာ ၃၀၀၊ ဆား ပိသာ ၆၀၊ ပဲပိသာ ၉၀၀၊ ရေသန့် ၈၇၅ ကတ် ၆၅၀၊ အဝတ်အထည် အထုပ်ကြီး ၁၀ ထုပ်နှင့် အိန္ဒိယနိုင်ငံမှထောက်ပံ့သည့် တာပေါ်လင် ၅၂ လီတာ စုစုပေါင်း ကုန်တန်ချိန် ၅၇ တန်တို့ကို တင်ဆောင်၍ စစ်တွေမှ ပုဏ္ဏားကျွန်းကမ်းထိုးရပ်သို့ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယအစင်းသည် တာပေါ်လင်လိတ် ၁၀၀၊ သွားတိုက်တံအချောင်း ၂၃၀၀၊ သွားတိုက်ဆေး ၂၅ ဂရမ် ဘူး ၂၁၆၀၊ သွားတိုက်ဆေး ၇၅ ဂရမ် ဘူး ၂၀၀၀၊ အဝတ်အထည် အထုပ်ကြီး ၁၂ ထုပ် စုစုပေါင်းကုန်တန်ချိန် ၁၀ တန်တို့ကို စစ်တွေမြို့ ESSAR တံတားခွံ့ တင်ဆောင်၍ ရေချမ်းပြင် ကမ်းထိုးရပ်သို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် စတုတ္ထအစင်းသည် သစ် ၁၀ ဒသမ ၅ တန်၊ ရေပုံး ၆၈ ပုံး၊ LED မီးလုံး ၄၇၃ လုံး၊ ဆန်အိတ် ၂၀၀၊ ဆီပိသာ ၃၀၀၊ ဆား ပိသာ ၆၀၊ ပဲပိသာ ၉၀၀၊ ရေသန့် ၈၇၅ ကတ် ၆၅၀၊ အဝတ်အထည် အထုပ်ကြီး ၁၀ ထုပ်နှင့် အိန္ဒိယနိုင်ငံမှထောက်ပံ့သည့် တာပေါ်လင် ၅၂ လီတာ စုစုပေါင်း ကုန်တန်ချိန် ၅၇ တန်တို့ကို တင်ဆောင်၍ စစ်တွေမှ ပုဏ္ဏားကျွန်းကမ်းထိုးရပ်သို့ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော MCL ကုမ္ပဏီပိုင် အလျားပေ ၂၄၀၊ အနံပေ ၆၀၊ ရေစူး ၁၃ ပေ စုစုပေါင်း ၃၂၀၀ မတ်ထရစ်တန် တင်ဆောင်နိုင်သည့် MCL.3 ရေယာဉ်သည် ရခိုင်ဒေသ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းမျိုးစုံဖြစ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းပစ္စည်း စီမံရေးဌာန(ရန်ကုန်)က 220 KV Tower. members တစ်စုံ တန် ၆၀၊ ၁၅ မီတာ ကွန်ကရစ်တိုင် ၁၀၆ တိုင် ၁၉၂ တန်၊ ၁၈ မီတာ ကွန်ကရစ်တိုင် တိုင် ၅၀ တန် ၁၁၀၊ ကျန်းမာရေးဝန်ကြီးဌာနက သွပ်သံ ဖာ ၄၀၊ အိမ်ရိုက်သံ ၆၈ ဖာ၊ သွပ်အချပ် ၆၀၀၀၊ ခေါင်အုပ်အချပ် ၈၀၀၊ နှစ်လက်မသွပ်သံ ဖာ ၂၀၊ မြန်မာ့သစ်လုပ်ငန်းက သစ်ခွဲသားဆိုက်စုံ ၃၃၅ တန်၊ မြန်မာ့ဆက်သွယ်ရေးက တာဝါ ၆၀ မီတာ တစ်စုံ ၁၄ တန်၊ ကွန်ကရစ်တိုင် အလုံး ၃၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်အိတ် ၆၂၆၀၊ ရေသန့်ကတ် ၆၀၀၊ ခေါက်ဆွဲခြောက်ဖာ ၄၀၀၊ ရွက်ဖျင်တဲ အခု ၂၀၊ ဆေးပေါင်းစုံ ဘူး ၁၄၉၀၊ ဘီစကွတ် ၁၆၁ ဘူး၊ ကယ်ဆယ်ရေး အရေးပေါ်အိတ် အခု ၅၀၊ တာပေါ်လင် အထုပ် ၂၈၀၊ မီးဖိုချောင်သုံးပစ္စည်း ၅၂ ဖာ၊ လက်သမားအိတ် အခု ၂၁၀၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထွန်စက်နှင့် ဆက်စပ်ပစ္စည်း ၃၃ လုံး၊ ချောဆီ သုံးပီပါ၊ ရွှေသံလွင်ကုမ္ပဏီက ဆီ ၁၀ ပိသာပုံး ၆၀၊ မြေပဲ နှစ်အိတ်၊ ထမင်းချက်အိုးအလုံး ၅၀၊ အိမ်ရိုက်သံ ဖာ ၃၀ စုစုပေါင်း ၁၄၅၃ ဒသမ ၅၆ မက်ထရစ်တန် တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ စစ်ရေယာဉ်များနှင့် MCL ကုမ္ပဏီပိုင် MV– MCL 3 ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသည့် စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရောဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးမှူးပြုလုပ်သော ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ် ကုန်းကြီးအုပ်စု အရှေ့တံခွန်တိုင် ကျေးရွာရှိ ဟင်္သာတ ဂေါက်ကလပ်ဝင်းအတွင်း ပြုလုပ်စဉ်။

ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့အတွင်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ခိုးယူမှုမဖြစ်ပေါ်စေရေးအတွက် မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့လျှပ်စစ်ဦးစီးမှူး ဦးဆောင်၍ ဌာနဆိုင်ရာများပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် မေ ၂၈ ရက် နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်များရှိ ထရန်စဖော်မာများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ပိုးတောင်း

ပညာရေးဝန်ကြီးဌာန

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်
"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန
၂၀၂၃-၂၀၂၄ ပညာသင်နှစ်
"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက် လက်ခံ

နေပြည်တော် မေ ၂၈

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှူးတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဋ္ဌမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၄၇၄၃၁ ဦး ရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိ ပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပေါက်ခေါင်းမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပေးအပ်

ပေါက်ခေါင်း မေ ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်MSMEs ကဏ္ဍများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပေးအပ်ပွဲကို မေ ၂၆ ရက်က ပေါက်ခေါင်းမြို့ အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ယခုထုတ်ပေးသည့်ချေးငွေများနှင့် ပတ်သက်ပြီး မိမိအသုံးပြုသည့်ကဏ္ဍအလိုက် အလေအလွင့်မရှိစေဘဲ စနစ်တကျအကျိုးရှိအောင် အသုံးပြုနိုင်ရန်ပြောကြားပြီး ပေါက်ခေါင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် MSMEs အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းရှင်များအား လုပ်ငန်းအမျိုးအစားအလိုက် တစ်ဦးချင်းချေးငွေများ ထုတ်ပေးခဲ့ရာ စိုက်ပျိုးရေးကဏ္ဍအတွက် ကျပ်သိန်း ၂၂၀၀ ၊ မွေးမြူရေးကဏ္ဍအတွက်ကျပ်သိန်း ၃၅၀ နှင့် MSMEs လုပ်ငန်းများအတွက် ကျပ်သိန်း ၆၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂၈

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဧလ

မော်ဘီမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မော်ဘီ မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ အထက(၂)မော်ဘီ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ပေးအပ်

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ခရိုင်ပညာရေးမှူး ဦးအေးလွင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးစာရေးကိရိယာ၊ ကျောင်းသုံးစာအုပ်များကို တာဝန်ရှိသူများက သက်ဆိုင်ရာ တာဝန်ခံကျောင်းအုပ်၊ ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

ပေါင်မြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပေါင် မေ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ်၏ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက အထက(ပေါင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက KG တန်းမှ Grade- 12 အထိ ကျောင်းသားကျောင်းသူများအား နိုင်ငံတော်မှထောက်ပံ့သည့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ စသည်တို့အပြင် မူလတန်းကလေးများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးနေမှု၊ တိုင်းရင်းသားများအတွက် ကျောင်းစာပေအပြင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများ ဆက်လက်သင်ကြားပေးသွားမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မိအိုင်းပရောန္ဓနရှေ့က ကျောင်းစဖွင့်သည့်ရက်မှ စတင်ကာ အသက် ၅ နှစ်အရွယ်မှ ၁၂ နှစ်အရွယ်အထိ ကလေးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည့်အစီအစဉ်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP30)ကို ဘရာဇီးနိုင်ငံ၌ ကျင်းပမည်

ရီရိုဒီဂျနေးရိုး မေ ၂၈

၂၀၂၅ ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP30)ကို ဘရာဇီးနိုင်ငံ အမေဇုန်ဒေသရှိ ဘီလမ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက ယမန်နေ့တွင် ကြေညာသည်။

ဘီလမ်မြို့သည် နိုင်ငံ၏မြောက်ဘက်ရှိ အမေဇုန်မြစ်ဝအနီးတွင် လူဦးရေ ၁ ဒသမ ၅ သန်းနေထိုင်သည့် မြို့ဖြစ်သည်။ ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံကို ဘရာဇီးနိုင်ငံ၌ ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်းလည်း ဖြစ်သည်။

သမ္မတ လူလာဒါဆေးလ်ဗားက ၎င်းတက်ရောက်ခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံများတွင် အမေဇုန်ဒေသနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလျက်ရှိကြောင်း ယမန်နေ့က ပြောကြားသည်။

အမေဇုန်နှင့် ၎င်း၏အပူပိုင်းမိုးသစ်တောများ၏အရေးပါပုံနှင့်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဘရာဇီးနိုင်ငံသားများ သိရှိနားလည်နိုင်စေရန်အတွက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပစေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမေဇုန်မိုးသစ်တော၏ သုံးပုံနှစ်ပုံသည် ဘရာဇီးနိုင်ငံအတွင်း၌ တည်ရှိသည်။ ဇန်နဝါရီလတွင် သမ္မတ လူလာဒါဆေးလ်ဗားက ရာထူးတာဝန်များ စတင်ထမ်းရွက်သည့်အချိန်မှစပြီး နိုင်ငံအတွင်းရှိ သစ်တောပြုန်းတီးမှုသည် ယမန်နှစ်အလားတူကာလထက် ၄၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

သမ္မတ လူလာဒါဆေးလ်ဗားက အမေဇုန်နှင့် ၎င်း၏မိုးသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန် ၎င်း၏အစိုးရ လက်ထက်တွင် ပေးအပ်ထားသည့် ကတိကဝတ်ကို နိုင်ငံတကာအသိုက်အဝန်းအား ပြသရန် မျှော်လင့်ထားဖွယ်ရှိကြောင်း လေ့လာသူများက ဆိုသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ဗီယက်နမ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် နှစ်စဉ်ဆန်တင်ပို့မှုကို တန်ချိန် လေးသန်းအထိ လျှော့ချမည်

ဟန္တိုင်း မေ ၂၈

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက ဆန်တန်ချိန် ၇ ဒသမ ၁ သန်းတင်ပို့နိုင်ခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် နှစ်စဉ်ဆန်တင်ပို့မှုကို တန်ချိန် လေးသန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ဆန်တင်ပို့မှုမဟာဗျူဟာနှင့် စပ်လျဉ်းသည့် အသေးစိတ်ထုတ်ပြန်ချက်တစ်ရပ်တွင် ဗီယက်နမ်နိုင်ငံအစိုးရက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် တတိယမြောက် ဆန်ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် အရည်အသွေးမြင့်ဆန်တင်ပို့နိုင်ရေးအပြင် ပြည်တွင်း စားရေရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးတင်ပို့မှုမှ ဝင်ငွေရရှိမှုသည်လည်း ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅ ဘီလီယံရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂ ဘီလီယံအထိ လျော့ကျသွားလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

ရာသီဥတုဖောက်ပြန်မှုများကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုဧရိယာ လျော့နည်းသွားခဲ့သော်လည်း လယ်သမားတချို့ကမူ အခြားသီးနှံများ စိုက်ပျိုးခြင်းနှင့် ပုစွန်မွေးမြူခြင်းတို့ကို ပြောင်းလဲလုပ်ကိုင်လျက်ရှိကြောင်း ဟိုချီမင်းမြို့အခြေစိုက် ဆန်စပါးကုန်သည်တစ်ဦးက မေ ၂၇ ရက်တွင် ပြောကြားသည်။

ကိုးကား – စီအင်နန်အေ
ဘာသာပြန် – အလင်းသစ်

အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် XBB.1.16 အမေရိကန်နိုင်ငံ၌ ဆက်လက်ပျံ့နှံ့လျက်ရှိ

ဝါရှင်တန် မေ ၂၈

အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် XBB.1.16 သည် အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်အထိ ပျံ့နှံ့လျက်ရှိကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးရအချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ကူးစက်မှု အမြန်ဆုံးဖြစ်သော ဗိုင်းရပ်စ်များအနက် အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် XBB.1.16 သည် အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် အမျိုးအစား XBB.1.5 ပြီးနောက် ဒုတိယကူးစက်မှု အမြန်ဆုံးဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၁၅ ဒသမ ၁ ရာခိုင်နှုန်းသည် အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ် XBB.1.16 ကူးစက်ခံရသူများဖြစ်သည်။ အဆိုပါကူးစက်မှုအရေအတွက်သည် ပြီးခဲ့သည့်လကထက် ကူးစက်မှုအရေအတွက် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

လာမည့်ရက်သတ္တပတ်များအတွင်း ကူးစက်မှုအရေအတွက် ထပ်မံတိုးလာဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက သတိပေးထားပြီး နိုင်ငံ၏နောက်ထပ်ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများလည်း ဖြစ်လာနိုင်သည်ဟု သတိပေးထားသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ရောဂါဖြစ်ပွားသူအားလုံး၏ ၅၃ ဒသမ ၈ ရာခိုင်နှုန်းသည် ကူးစက်မှုအမြန်ဆုံးဖြစ်သည့် အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ်အမျိုးအစား XBB.1.5 ကူးစက်ခံထားရကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာ၏ နောက်ဆုံးရအချက်အလက်များအရ သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

ဂျပန်ရေနံကုမ္ပဏီ ENEOS က ဓာတုလောင်စာဆီဖြင့် မော်တော်ယာဉ်များ စမ်းသပ်မောင်းနှင်

တိုကျို မေ ၂၈

ဂျပန်ရေနံကုမ္ပဏီတစ်ခုက ဓာတုလောင်စာဆီတစ်မျိုးဖြင့် မော်တော်ယာဉ်များစမ်းသပ်မောင်းနှင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေနံလက်ကားရောင်းချသည့် ကုမ္ပဏီဖြစ်သည့် ENEOS သည် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဟိုက်ဒရိုဂျင်တို့ကို ပေါင်းစပ်ကာ ဓာတုလောင်စာဆီအဖြစ် စမ်းသပ်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

စက်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်(သို့မဟုတ်)အခြားရင်းမြစ်များမှ ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို အဆိုပါဓာတုလောင်စာဆီအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည်။

တိုယိုတာ မော်တော်ကားကုမ္ပဏီဥက္ကဋ္ဌ ဆာတိုကိုဂျိက ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဇိုကာစီရင်စုရှိ မီတာ ၂၅၀ အရည်ရှိသည့် မော်တော်ယာဉ်စမ်းသပ်မောင်းနှင်ရေးကွင်း၌ ဓာတုလောင်စာဆီ ၁၀ ရာခိုင်နှုန်း ရောစပ်ထားသည့် မော်တော်ယာဉ်တစ်စီးကို စမ်းသပ်မောင်းနှင်ခဲ့ကြောင်း သိရသည်။ ဓာတုလောင်စာဆီ အသုံးပြုမောင်းနှင်သည့်ယာဉ်ကို မောင်းရခြင်းသည် သာမန်လောင်စာဆီသုံး မော်တော်ကားများကို မောင်းနှင်ရခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း ဆာတိုကိုဂျိက စမ်းသပ်မောင်းနှင်ပြီးနောက်ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်ခြင်းကို လျှော့ချလျက်ရှိစဉ် ကုမ္ပဏီအများအပြားက လျှပ်စစ်ကားများအပါအဝင် မော်တော်ယာဉ်အမျိုးအစားအသစ်များကို ကြိုးပမ်းထုတ်လုပ်နေချိန်တွင် တိုယိုတာမော်တော်ကားကုမ္ပဏီက ဓာတုလောင်စာဆီကားများပေါ်ပေါက်လာရေးအတွက် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ၂၀၂၇ ခုနှစ်မတိုင်မီ ဓာတုလောင်စာဆီများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း ကလေးငယ် ၁၅၀ ကျော် သေဆုံး

လေ့စ်အိန်ဂျလိစ် မေ ၂၈

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကလေးငယ်စုစုပေါင်း ၁၅၄ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မေ ၂၆ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ လက်ရှိတုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူ အနည်းဆုံး ၂၇ သန်းရှိကာ လူဦးရေသုံးသိန်းသည် ဆေးရုံတက်ရောက်ကုသနေရကြောင်းနှင့် တုပ်ကွေးရောဂါကြောင့် ၁၉၀၀၀ သေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ဆေးဝါးကုသမှုခံယူခဲ့ရ

မေ ၂၀ ရက်တွင် ကုန်ဆုံးခဲ့သည့် နောက်ဆုံးသီတင်းပတ်အတွင်း တုပ်ကွေးရောဂါကြောင့် လူပေါင်း ၉၀၀ ကျော် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်းလည်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက တုပ်ကွေးရောဂါဆက်လက်ဖြစ်ပွားနေသည့်အတွက် အသက်ခြောက်လနှင့် အထက် အသက်အရွယ်ရှိသူတိုင်း ပုံမှန်တုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံ့မှုခံယူကြရန် အကြံပြုထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်း လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံး

နေပြည်တော် မေ ၂၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပစ်မဲ့အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ကွက်သစ်(၃)လမ်းတွင်နေထိုင်သူ ဦးဖိုးကျား(ဘ)ဦးမောင်နိုင်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မြတ်ထွေး(ဘ)ဦးမြင့်ဦးတို့သည် မော်တော်ဆိုင်ကယ်ဖြင့် မြို့တွင်းသို့သွားရောက်ရန် ပြင်ဆင်နေစဉ် ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက တောင်ကြားကျေးရွာဘက်မှ ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ၎င်းတို့၏ နေအိမ်ရှေ့သို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လက်နက်ကြီးအစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူ ရုပ်အလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနီ၃၀ရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၈)ရပ်ကွက်နေ မင်းအုပ်မြန်မာ(ခ)ဗျူဟာသည် ၎င်းအသုံးပြုသည့် "Byuhar ဗ" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီး ဟသံ်တခရိုင် လေးမျက်နှာမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ ၂၀၂၃ ခုနှစ် မိုးရာသီအကြို စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၈ ရက် နံနက် ၈ နာရီက မြို့နယ် ဝေန်ရွှေမြေ အားကစားကွင်း၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက ဒုတိယအကြိမ်အဖြစ် ဘုရားကြီး-ဧရောင်းတူသွားကားလမ်း မိုင်တိုင်အမှတ်(၂၃/၃)အနီး သဲဖြူကျေးရွာ၏ တစ်ရွာ နှစ်ဧက ကျေးရွာပိုင် ထင်းစိုက်ခင်းတွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပစဉ်။

ကြေးမုံ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်သစ်တောဦးစီးဌာနက ကြီးမျူးကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲတော်ကို မေ ၂၇ ရက် နံနက် ၉ နာရီက ကေတုမတီမြို့သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

Myanmar Studies from Center, Periphery and Boundary; (Old View, New Version) An Interdisciplinary International Symposium (Part I, Part II) တွင် ဖတ်ကြားခဲ့သော စာတမ်းများ





မြန်မာနိုင်ငံတွင် ခေတ်၊ စနစ်များ ပြောင်းလဲလာသည့်နည်းတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများသည်လည်း လိုက်ပါပြောင်းလဲမှုများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ကြသည်အား မြန်မာသမိုင်းဖြစ်စဉ်တစ်လျှောက်ကို ကြည့်လိုက်ပါက တွေ့မြင်နိုင်ပေသည်။ နိုင်ငံရေးပြောင်းလဲမှုတွင် ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်၊ ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ဆီသို့ လျှောက်လှမ်းနေပေသည်။ ထို့အတူ စီးပွားရေးသည်လည်း ပဒေသရာဇ်စီးပွားရေး၊ အရင်းရှင်စီးပွားရေး၊ ဆိုရှယ်လစ်စနစ်ကိုအခြေခံသော စီးပွားရေး၊ ထိုမှ စျေးကွက်စီးပွားရေးဆီသို့ ပြောင်းလဲနေပေသည်။ ထိုနည်းတူ လူမှုရေးတွင်လည်း မြန်မာ့ရိုးရာဓလေ့ အစဉ်အလာ လူနေမှုမှသည် ယနေ့ Global ကာလ ICT ခေတ်ကဲ့သို့သော ကမ္ဘာကြီးနှင့် လိုက်လျောညီထွေရှိစေရန် လိုက်ပါပြောင်းလဲနေကြပေသည်။ ထိုသို့သော ပြောင်းလဲမှု ဖြစ်စဉ်ကြီးတွင် သမိုင်းကြောင်းသည် လိုက်ပါရွှေ့လျားနေရာ ယခင်က သမိုင်းပညာရှင်များ၏ အမြင် (Old View) သည်လည်း ခေတ်စနစ်နှင့်အညီ ပြန်လည် ဆန်းသစ်ရန် လိုအပ်သည့် အတွက် ယနေ့ သမိုင်းသုတေသီများ၏ သမိုင်းအမြင်၊ သမိုင်းအသိများ (New Version) များပါဝင်သော စာတမ်းများကို ဤစာအုပ်များတွင် လေ့လာဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသည်။

တန်ဖိုးငွေကျပ် – Part I, ၂၅၀၀၀/– Part II ၂၀၀၀/–

ဖြူစင်သောစိတ်ထားနှင့် သူများကောင်းအောင်ကြိုးစားပါ အပါအဝင် စာစုများစာအုပ် ဖြန့်ချိ



မောင်မောင်လင်း(သံအမတ်ကြီး) ရေးသားပြုစုသည့် ဖြူစင်သော စိတ်ထားနှင့် သူများကောင်းအောင်ကြိုးစားပါ အပါအဝင် စာစုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပါမောက္ခချုပ်ဆရာတော်ကြီး၏ ဆုံးမသြဝါဒ အစပြု၍ စည်းရုံးရေးအတတ်ပညာ၊ တစ်ဖက်သားရဲ့နှလုံးသားကို သိမ်းပိုက်စိုးမိုးနိုင်ရေးဆိုရာဝယ်၊ သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း ဆိုရာဝယ်၊ နေ့စဉ်ဘဝထဲမှာပင် တရားရှာဖွေ ငြိမ်းအေးစေ၊ ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှု Critical Thinking ဆိုရာဝယ်၊ သမ္မာဝါယာမ မှန်ကန်သော ကြိုးစားမှုရှိခြင်း၊ သမ္မာသတိ မှန်ကန်သောသတိရှိခြင်း၊ သမ္မာသမာဓိမှန်ကန်သော စိတ်တည်ငြိမ်မှုရှိခြင်း ဆိုရာဝယ်နှင့် ဖြူစင်သောစိတ်ထားနှင့် သူများကောင်းအောင်ကြိုးစားပါ စသည့် ဘဝနေထိုင်နည်းဆိုင်ရာ အကြောင်းအရာစာစုများဖြင့် ရေးဖွဲ့ထားသည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံ မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်ကလေးစာတိုက် ရန်ကုန်မြို့ ဖုန်း-၀၉-၉၇၃၅၃၆၅၅၊ ၀၉-၈၈၃၄၈၃၇၁၈ တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိထားသည်။

“အရိုင်းပန်းတစ်ပွင့် အလှဂုဏ်တင့်လေတော့” စာအုပ် ဖြန့်ချိ



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကိုရင်ကျော်၏ “အရိုင်းပန်းတစ်ပွင့် အလှဂုဏ်တင့်လေတော့”စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

အဆိုပါစာအုပ်သည် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဝတ္ထုရှည်တတိယဆုရစာမူဖြစ်ပြီး စာပေဗိမာန်ကပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

ယင်းစာအုပ်တွင် ၁၉၆၀ ပြည့်လွန်ကာလကို နောက်ခံပြု၍ ဦးအောင်ကျော်မောင်၏ ကလေးဘဝမှ ဝတ္ထုကို အစပြုထားသည်။ ဆင်းရဲနွမ်းပါးသော မိသားစုမှ ပေါက်ဖွားလာကာ ကလေးဘဝမှာပင် ဖတဆိုးဖြစ်ခဲ့ရပြီး စျေးပတ်လိုက်၍ စျေးရောင်းရသောအမေ့ကို ကူညီရသည်။ မိခင်၏ဆန္ဒအတိုင်း ပညာတတ်ကျောင်းဆရာတစ်ဦး ဖြစ်လိုလှသော်လည်း ကျောင်းချိန်မမှန်ခြင်း၊ ကျူရှင်မယူရခြင်း ကြောင့် စာမေးပွဲလည်း အကြိမ်ကြိမ်ကျရှုံးရသည်။ သို့သော် အားမလျှော့ဘဲ ဇွဲလုံ့လအပြည့်ဖြင့် ထပ်မံကြိုးစားသည်။ နောက်ဆုံး၌ ဘွဲ့ရကာ သူ၏ မနားမနေ လေ့လာအားထုတ်မှုကြောင့် အစိုးရဝန်ထမ်းဘဝတွင် ရာထူးအဆင့်ဆင့်တိုးပြီး အောင်မြင်မှုရခဲ့ကြောင်း ရေးဖွဲ့ထားသော ဝတ္ထုရှည်ဖြစ်သည်။ ရိုးသားကြိုးစားခြင်း၏ရလဒ်ကို ဖော်ညွှန်းကာ စာဖတ်သူများကို ဘဝအားမာန် ဖြစ်စေသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း – ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ – ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မြန်မာ့အစဉ်အလာဓလေ့ကို ရှာဖွေဖော်ထုတ်ခြင်း သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်းများ



ယနေ့ လူမှုအဖွဲ့အစည်းတွင် ရှုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုရှိသော်လည်း စိတ်ပိုင်းဆိုင်ရာတွင်မူ ယုတ်လျော့လာသည်ကို တွေ့မြင်ရသကဲ့သို့ အစဉ်အလာကောင်းခဲ့သော မြန်မာ့အစဉ်အလာ ဓလေ့သည်လည်း ပျောက်ကွယ်လုနီးပါးရှိနေသည့်အတွက် ပြန်လည်ဖော်ထုတ်ထားသော သုတေသနစာတမ်းများကို လေ့လာဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးငွေကျပ် – ၂၅၀၀/–

မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅ - ၄၈) ဒုတိယတွဲ၊ အပိုင်း (၁)

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ၃ မေ ၁၉၄၅ ခုနှစ်တွင် ပြန်လည်သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီး ၁၇ မေ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် ဝါဒသဘောထားဖြစ်သော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ မြန်မာပြည်သူတို့သည် ဗြိတိသျှတို့၏ စက္ကူဖြူစာတမ်းကို မကြိုက်နှစ်သက်ကြချေ။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ) သည် ၁၉ သြဂုတ် ၁၉၄၅ ခုနှစ်တွင် နေသူရိန်ပြဇာတ်ရုံ၌ ပြည်သူ့အစည်းအဝေးကျင်းပပြီး မြန်မာပြည်သူတို့၏ ဆန္ဒနှင့် မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ၎င်းလုပ်ငန်းလမ်းစဉ်များမှာ မြန်မာနိုင်ငံအတွက် လမ်းပြမြေပုံ (Road Map) ဟု ဆိုနိုင်သည့် အမျိုးသားအစိုးရတည်ထောင်ရန်၊ အရွယ်ရောက်သူ အမျိုးသား အမျိုးသမီးတိုင်းက ရွေးကောက်တင်မြှောက်သော တိုင်းပြည်ပြုလွတ်တော်ကြီးက အနာဂတ်မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရန်နှင့် လွတ်လပ်သော မြန်မာပြည် တည်ထောင်ရန် ပါဝင်သည်။ ၁၉၄၅-၄၈ မြန်မာ့နိုင်ငံရေးကာလသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု နောက်ဆုံးအဆင့်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးသောကာလ ဖြစ်သည်။ ယင်းကာလအတွင်း မြန်မာပြည်သူတို့၏ ထောက်ခံအားပေးမှုကို ရယူ၍ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလက ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်ရေးရယူနိုင်အောင် နှလုံးရည်တိုက်ပွဲ ဆင်နွှဲခဲ့ကြပုံကို ဤရက်စဉ် သမိုင်းစာအုပ်များတွင် လေ့လာဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးငွေကျပ် – ၂၅၀၀/–

မဏ္ဍာဒေးမီးယားအဆံထုတ်လုပ်ခြင်းနှင့် စံချိန်စံညွှန်း စာအုပ်ဖြန့်ချိ



မြန်မာနိုင်ငံ၏ရာသီဥတုနှင့်မြေအနေအထားအရစိုက်ပျိုးထုတ်လုပ်ခြင်းတွင် လက်တွေ့အောင်မြင်စပြုနေပြီဖြစ်သည့် “မဏ္ဍာဒေးမီးယား” အစေ့၊ အဆံထုတ် နှစ်ရှည်ပင်အကြောင်း စနစ်တကျ လက်တွေ့အသုံးချအောင်မြင်နေသည့် ကျွမ်းကျင်သူပညာရှင် အမျိုးသားစာပေဆုရှင် ရတနာဝိုး ရေးသားပြုစုထားသည့် မဏ္ဍာဒေးမီးယားအဆံထုတ်လုပ်ခြင်းနှင့် စံချိန်စံညွှန်းစာအုပ် ထွက်ရှိလာသည်။

နိုင်ငံတကာဈေးကွက်နှင့် ဝယ်လက်များ အဆင်သင့်စောင့်ကြိုနေသော မြန်မာစိုက်ပျိုးရေးသမားများအတွက် လက်ငင်းအကျိုးအမြတ်ကြီးမားသည့် စိုက်ပျိုးသီးနှံထွက်ကုန် “မဏ္ဍာဒေးမီးယား” အဆံထုတ်လုပ်နည်းစာအုပ်သည် သာမန်ကြီးပွားရေး လမ်းညွှန်မျှသာမဟုတ်ဘဲ အရည်အသွေးကောင်းအောင်၊ တန်ဖိုးမြင့်အောင် ထုတ်လုပ်နည်း၊ စံချိန်စံညွှန်းစနစ်များကို ပေးအပ်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရတနာဘဝင့်စာပေတိုက် ခြံအမှတ်(၂၅) ဝေဃယန္တာလမ်း သဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၄၀၄၀၇၇၇၈၈၊ ၀၉-၄၀၄၀၇၇၇၉၉ တို့မှ ဖြန့်ချိထားသည်။

၂၀၂၃ ခုနှစ် မေလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scannen Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2) ၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ		တိုင်းတာသည့် Parameter များ					
			၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ	ဆာလဖာဒိုင် အောက်ဆိုဒ်	နိုက် ထရိုဂျင် ဒိုင် အောက်ဆိုဒ်	အိုဇုန်း	ကာဗွန်မို နောက်ဆိုဒ်
၁	ပြည်ထောင်စုနယ်မြေ နေပြည်တော်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်				
	၂	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ဝေးခရိုင်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ ဗိုလ်တထောင်မြို့နယ်	လက်ခံနိုင်သော	ကောင်းမွန်				
	၂	သာကေတဝန်ထမ်းအိမ်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	လက်ခံနိုင်သော	ကောင်းမွန်				
၃	မန္တလေးတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးမြို့		လက်ခံနိုင်သော	ကောင်းမွန်			
	၂	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	ခံနိုင်ရည်နည်းပါး သောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်	လက်ခံနိုင်သော	ကောင်းမွန်			
	၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ ညောင်ဦးမြို့	ကောင်းမွန်					
	၄	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ မိတ္ထီလာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၆	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၇	ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ မြန်မာ့သစ်လုပ်ငန်း၊ ပြင်ဦးလွင်သစ်ထုတ်ရေးဒေသရုံးဝင်း	လက်ခံနိုင်သော	ကောင်းမွန်				
	၈	ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ မော်တော်ယာဉ်နည်းပညာသုတေသနဌာနရုံးဝင်း	လက်ခံနိုင်သော	ကောင်းမွန်				
	၉	အမျိုးသားကန်တော်ကြီး၃ယျာဉ်၊ ပြင်ဦးလွင်မြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ မုံရွာမြို့		ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		
	၂	ညွှန်ကြားရေးမှူးရုံးဝင်း၊ သစ်တောဦးစီးဌာန၊ မုံရွာမြို့		လက်ခံနိုင်သော		ကောင်းမွန်		
	၃	တောင်ဖီလာဝန်ထမ်းအိမ်ရာ၊ ကလေးမြို့		ကောင်းမွန်				
	၄	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ ထားဝယ်မြို့	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
	၂	လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
၆	ပဲခူးတိုင်းဒေသကြီး							
	၁	ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှူးဦးစီးဌာနရုံးရှေ့၊ ပဲခူးမြို့	လက်ခံနိုင်သော	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		
	၂	မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့	လက်ခံနိုင်သော	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		
၇	မကွေးတိုင်းဒေသကြီး							
	၁	ကန်သာကန်အနီး ဝေယံဘုံမြင့်ကျောင်းတိုက်	ကောင်းမွန်		တိုင်းတာနိုင်ခြင်းမရှိပါ	လက်ခံနိုင်သော	ကောင်းမွန်	
၈	ကချင်ပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်				တိုင်းတာနိုင်ခြင်းမရှိပါ
	၂	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ရုံးဝင်း	လက်ခံနိုင်သော	ကောင်းမွန်				တိုင်းတာနိုင်ခြင်းမရှိပါ
	၃	မလိခဝန်ထမ်းအိမ်ရာဝင်း	လက်ခံနိုင်သော	တိုင်းတာနိုင်ခြင်းမရှိပါ				တိုင်းတာနိုင်ခြင်းမရှိပါ
	၄	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဗန်းမော်ခရိုင်ရုံးဝင်း	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
	၅	မီးသတ်ဦးစီးဌာန၊ ဗန်းမော်ခရိုင်	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
၉	ကရင်ပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း	လက်ခံနိုင်သော	ကောင်းမွန်				
	၂	စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း၊ ဘားအံမြို့နယ်	လက်ခံနိုင်သော	ကောင်းမွန်				
	၃	အမှတ် (၂) ဘိလပ်မြေစက်ရုံ၊ တန် -၄၀၀၀၊ မြိုင်ကလေး၊ ဘားအံမြို့နယ်	ခံနိုင်ရည်နည်းပါး သောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်	ကောင်းမွန်				
	၄	ဘားအံမြို့နယ်၊ ဇွဲကပင်တောင်ခြေ	လက်ခံနိုင်သော	ကောင်းမွန်				
	၅	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ မြဝတီခရိုင်	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	မွန်ပြည်နယ်							
	၁	ဈေးကြိုလိုင်းအနီး၊ မော်လမြိုင်မြို့	ကောင်းမွန်					
	၂	မော်လမြိုင်မြို့၊ ကျောက်တန်းစက်ရုံစုနယ်မြေ	ကောင်းမွန်			လက်ခံနိုင်သော	ကောင်းမွန်	
	၃	မော်လမြိုင်မြို့၊ စက်မှုဇုန်	ကောင်းမွန်			လက်ခံနိုင်သော		ကောင်းမွန်
၁၁	ရခိုင်ပြည်နယ်							
	၁	စစ်တွေမြို့နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း	ကောင်းမွန်					
	၂	စစ်တွေမြို့နယ်၊ ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်း	ကောင်းမွန်					
	၃	ကျောက်ဖြူမြို့၊ အစိုးရရပ်ကွက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျောက်ဖြူခရိုင်ရုံးဝင်း	ကောင်းမွန်					
	၄	ငပလီမြို့၊ ငပလီလမ်းဆုံအနီးဝန်းကျင်	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
	၅	သံတွဲမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သံတွဲခရိုင်ရုံးအနီးဝန်းကျင်	ကောင်းမွန်					တိုင်းတာနိုင်ခြင်းမရှိပါ
၁၂	ရှမ်းပြည်နယ်							
	၁	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးဝင်း၊ တောင်ကြီးမြို့	တိုင်းတာနိုင်ခြင်းမရှိပါ		ကောင်းမွန်			တိုင်းတာနိုင်ခြင်းမရှိပါ
	၂	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ တာချီလက်မြို့	ခံနိုင်ရည်နည်းပါး သောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်	ကောင်းမွန်			တိုင်းတာနိုင်ခြင်းမရှိပါ	ကောင်းမွန်
	၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း၊ လားရှိုးမြို့	တိုင်းတာနိုင်ခြင်းမရှိပါ	လက်ခံနိုင်သော		ကောင်းမွန်	တိုင်းတာနိုင်ခြင်းမရှိပါ	ကောင်းမွန်
	၄	ကျိုင်းတုံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရိပ်သာအနီး၊ ကျိုင်းတုံမြို့	လက်ခံနိုင်သော	တိုင်းတာနိုင်ခြင်းမရှိပါ				

စာမျက်နှာ ၁၇ သို့ *

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အဋ္ဌရိယာရာမရှမ်း ကျောင်းတိုက်၊ မဂ်လာဒုံမြို့နယ်ရှိ တိပိဋ္ဌကမဟာဂန္ဓာရုံကျောင်းတိုက်၊ မဂ်လာတောင်ညွှန့်မြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်နှင့် သဃ်နန်းကျွန်းမြို့နယ်ရှိ မဟာသုဝဏ္ဏကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခြေတော်ရာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သံဃာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှု(၂)မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ငွေတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဖရဲငွေတောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ စွန်းလွန်းဝိပဿနာရိပ်သာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ အခက်အခဲမရှိစေရေးအတွက် စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ကျောက်မဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်းနှင့် ဝန်ထမ်းများက ကျောက်မဲမြို့နယ် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ သို့ ✻

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့နေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု လိုက်လံကြည့်ရှုစစ်ဆေး

မုံရွာ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့က မုံရွာမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် အရှေ့ဘက်ကန်သာယာကန်၊ အနောက်ဘက် ကန်သာယာကန်နှင့် လယ်တီကန် စုစုပေါင်းအကျယ် ၂၅၆ ဒသမ ၈၈ ဧက၊ အနက် ၁၁ ပေရှိ စုစုပေါင်းရေဂါလန် ၆၉၀ ဒသမ ၃၀၃ သန်းသိုလှောင်နိုင်သည့် ရေစုကန်များကို နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေးတို့အတွက် အနောက်ဘက်ကန်သာယာကန်အတွင်း ချင်းတွင်းမြစ်မှရေတင်ကာ ဆိုလာ တစ်ချပ်လျှင် ၅၄၅ ဝပ်၊ ဆိုလာချပ်ရေ ၁၈၀ မှ စုစုပေါင်း ၁၀၀ ကီလိုဝပ်ထွက်ရှိမည့် ဆိုလာချပ်များ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွေ့ကြီးရပ်ကွက်ရှိ ရေစုကန် ၁၆ ကန် စုစုပေါင်းအကျယ် ၄၄ ဒသမ ၂၉ ဧကကို ပြန်လည်တူးဖော်၍ တာပေါင်ဖို့ခြင်း၊ မြေညှိခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ရေသိုလှောင်နိုင်သည့်ပမာဏ ရေဂါလန် ၆၀ ဒသမ ၂၉ သန်းအား နွေရာသီရေခန်းခြောက်သည့်ကာလတွင် မြေအောက်ရေကို ပိုမိုစုဆောင်းထားရှိနိုင်ရန်နှင့် နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် ချင်းတွင်းမြစ်မှ ရေတင်ကာ အဆိုပါရေစုကန်များအတွင်း ဆိုလာ တစ်ချပ်လျှင် ၅၄၅ ဝပ် ဆိုလာချပ်ရေ ၉၀ မှ စုစုပေါင်း ၅၀ ကီလိုဝပ်ထွက်ရှိမည့် ဆိုလာချပ်များ တပ်ဆင်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွေ့ကြီးရပ်ကွက်ရှိ ရေစုကန် ၁၆ ကန်အတွင်း ချင်းတွင်းမြစ်မှ ဆိုလာစနစ်ဖြင့် ထပ်ဆင့်ရေတင်စက်ရုံ တည်ဆောက်မည့်နေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ အခက်အခဲမရှိစေရေးအတွက် စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ကျောက်မဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်းနှင့် ဝန်ထမ်းများက ကျောက်မဲမြို့နယ် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ သို့ ✻

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၇၅	၂၀၂၅	၂၀၂၀	၁၉၈၅	၂၀၂၀	၂၀၄၅	၂၀၃၀	၂၀၁၀	၂၁၀၅	၂၁၃၀	၂၀၁၅	၂၀၂၅	၂၀၆၀	၂၀၆၀	၂၀၆၅	၂၂၉၅	၂၇၀၀
95 Ron	၂၀၈၀	၂၁၃၀	၂၁၃၀	၂၀၉၀	၂၁၃၀	၂၁၅၀	၂၁၃၅	၂၁၁၅	၂၂၃၀	၂၂၃၀	၂၁၂၀	၂၁၄၀	၂၁၆၅	၂၁၆၅	၂၁၇၀	၂၄၀၀	၂၈၀၅
HSD (500 ppm)	၁၈၉၅	၁၉၄၀	၁၉၄၀	၁၉၀၀	၁၉၄၀	၁၉၆၅	၁၉၆၀	၁၉၂၅	၂၀၄၅	၂၀၄၀	၁၉၃၅	၁၉၄၅	၁၉၈၀	၁၉၈၀	၁၉၈၀	၂၂၁၀	၂၈၀၅
HSD (50 ppm)	၁၉၇၅	၂၀၂၀	၂၀၂၀	၁၉၈၀	၂၀၂၀	၂၀၄၅	၂၀၄၀	၂၀၀၅	၂၁၂၅	၂၁၂၀	၂၀၁၅	၂၀၂၅	၂၀၆၀	၂၀၆၀	၂၀၆၀	၂၂၉၀	၂၈၆၅
HSD (10 ppm)	၁၉၇၅	၂၀၂၀	၂၀၂၀	၁၉၈၀	၂၀၂၀	၂၀၄၅	၂၀၄၀	၂၀၀၅	၂၁၂၅	၂၁၂၀	၂၀၁၅	၂၀၂၅	၂၀၆၀	၂၀၆၀	၂၀၆၀	၂၂၉၀	၂၈၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၇၁	၁၉၄၂
95 Ron	၁၉၇၄	၂၀၄၇
HSD (500 ppm)	၁၇၉၆	၁၈၆၁
HSD (50 ppm)	၁၈၆၉	၁၉၃၆
HSD (10 ppm)	၁၈၆၉	၁၉၃၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၀၉၈၈၁၊ ၀۹-۶۹۹۶۶۵၁၁۶

၀۶۷- ၄၁၁၁၂۹၊ ၀۹-۴۴၀۴۲၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၂၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၀၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၂၃,၉၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၆၆၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၄)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၆၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

Grade 5

Unit 1 Everyday English
Lesson 1 : At home

Reading

(A) Read the following dialogue and fill in the blanks with the suitable words given below.

doing	moping	she	cooking	don't
brother	on	isn't	the	watching

Ko Ko: Hi! Zaw Zaw, what are you _____ now?

Zaw Zaw: I'm _____ the floor.

Ko Ko: And your mother? Where is _____?

Zaw Zaw: She's _____ in the kitchen.

Ko Ko: What curry is she cooking?

Zaw Zaw: I _____know. I think something special for us.

Ko Ko: And where is your _____ Nyi Zaw? Is he playing games?

Zaw Zaw: No, he_____. He is cleaning the windows.

Ko Ko: Where is your father? Is he in _____ office?

Zaw Zaw: No, he is _____holiday. He is_____TV.

* * * * * * * * * * * * * * *

Writing

(A) Supply the correct form of the verb given in the brackets.

(1) (come) May I _____in, teacher?
(2) (not, go) I _____ to the canteen yesterday.
(3) (help) My mother always _____others.
(4) (have) Our family usually _____ dinner at 7 o'clock.
(5) (watch) Daw Lay _____ the TV in the living room now.
(6) (take) Can you _____ out the rubbish, please?
(7) (clean) She _____ the windows yesterday.
(8) (water) I usually _____ the plants in the evening.
(9) (set) It is time for dinner. Can you _____ the table?
(10) (fold) I _____ my clothes and kept them in the cupboard.

* * * * * * * * * * * * * * *

Answers

Unit 1 Everyday English Lesson 1 : At home

(A) (1) doing (2) mopping (3) she (4) cooking (5) don't (6) brother (7) isn't (8) the (9) on (10) watching

Writing

(A) 1. come 2. did not go 3. helps 4. has 5. is watching 6. take 7. cleaned 8. water 9. set 10. folded

* * * * * * * * * * * * * * *

Grade 6

Unit 1 Lesson 1: Greeting, introducing and leave-taking

(A) Match the following.

1. Hi!	a. Morning.
2. How do you do?	b. You too.
3. How are you?	c. Bye!
4. Have a nice day!	d. How do you do?
5. Goodbye	e. I'm fine, thanks.
6. Where are you from?	f. Nice to meet you too.
7. Glad to see you.	g. I'm from Yangon.
8. Good morning	h. Hello!

* * * * * * * * * * * * * * *

Speaking

<u>Greeting</u>

(A)Complete the conversations with the words in the box.

Dialogue (1)

<u>On the way to school</u>

Where meet student from name

Ko Ko: Hi! I'm Ko Ko. I'm from Grade 6. What's your ___(1)___?

Min Min: Hello! I'm Min Min.

Ko Ko: Are you a Grade 6 ___(2___)?

Min Min: Yes. I'm ___(3)___ Section B. And you?

Ko Ko: I am from Section A.

Min Min: Nice to ___(4)___ you?

Ko Ko: Me too. Nice to meet you.

Min Min: ___(5)___ are you from?

Ko Ko: I am from Latha Township. And you?

Min Min: I am from Lanmadaw Township.

Ko Ko: OK! See you.

Min Min: Bye!

* * * * * * * * * * * * * * *

Answers

Unit 1

Lesson 1: Greeting, introducing and leave-taking

1. Hi!	*Hello!*
2. How do you do?	*How do you do?*
3. How are you?	*I'm fine, thanks.*
4. Have a nice day!	*You too.*
5. Goodbye!	*Bye!*
6. Where are you from?	*I'm from Yangon.*
7. Glad to see you.	*Nice to meet you too.*
8. Good morning.	*Morning.*

* * * * * * * * * * * * * * *

Speaking

(A) Dialogue (1)

<u>On the way to school</u>

(1)Name (2) student (3) from (4) meet (5) Where

* * * * * * * * * * * * * * *

Grade 7

Unit 1 Lesson 1 : My favourite singer

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. What is your f_____ food?
2. In my free time, I like l_____ to music.
3. I want to be a s_____ in a rock band.
4. When I went for my first i_____ for this job, I arrived extremely early.
5. Can I ask you a q_____?

II. Supply the correct form of the words given in brackets.

1. (sing) She is a really good _____.
2. (interview) she's an experienced television _____.
3. (interview) He asked the _____ some very personal questions.
4. (encourage) The teacher's words were a great _____to him.
5. (celebrate) A _____is someone who is famous, especially in the entertainment business.

III. Supply the correct form of the verbs given in brackets.

1. (take) The concert _____ later tonight.
2. (know) We _____each other for many years.
3. (you, listen) What music _____to now?
4. (sing) She _____ beautifully at present.
5. (like) Do you _____ fish curry?

* * * * * * * * * * * * * * *

Speaking

(A) Practise the dialogues, using the given facts.

Name:	Khin Lin Latt
Job:	Singer
Hobbies:	playing the guitar
Favourite thing (s)	pet cat
Family members:	3

A: Hi, Good morning.

B: _____.

A: What's your name, please?

B: _____.

A: What do you do for a living?

B: _____.

A: What do you like to do in your free time?

B: _____.

A: What is your favourite thing?

B: _____.

A: How many family members do you have?

B: _____.

A: Ok, thanks.

B: You are welcome.

* * * * * * * * * * * * * * *

Answers

Unit 1

Lesson 1 : My favourite singer

I. 1. favourite; 2. listening; 3. singer; 4. interview; 5. question;

II. 1. singer; 2. interviewer; 3. interviewee; 4. encouragement; 5. celebrity;

III. 1. will take; 2. have known; 3. are you listening; 4. is singing; 5. like;

* * * * * * * * * * * * * * *

Grade 8

Unit 1 Lesson 1: Do you have good eating habits?

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. One effect of overeating may be o_____.
2. S_____ canned drinks rot your teeth.
3. Drink tea with your meal as an aid o d_____.
4. Chew your food well so that you don't _____.
5. You should avoid eating m_____.

II. Supply the correct form of the words given in brackets.

1. (digest) He has a good _____.
2. (digest) Food is broken down by the _____system to give energy to every cell in the body.
3. (mind) Be _____ of your surroundings.
4. (mind) We should eat _____.
5. (mind) You can train your _____ to be more focused.

III. Supply the correct form of the verbs given in brackets.

1. (digest) She couldn't _____ food properly.
2. (choke) He _____ to death.
3. (eat) Have you _____ your lunch?
4. (take) _____ an umbrella; It is raining outside.
5. (finish) I haven't _____ my homework yet.

IV. Rewrite the sentences in the correct order.

1. meals/ with her family / has / She / only at weekends/ . /
2. time/ breakfast/ they/ What/ have/ do/ ? /
3. take/ every / I / 8 glasses of water / . / day/
4. never/ sugary / He / drinks / takes/ . /
5. Mother/ me/ to / only/ meals/ wants/ at / my / eat/ the/ table/ . / dining/

V. Choose good eating habits and bad eating habits.

1. Taking sugary drinks	(a bad eating habit)
2. Eating mindfully	(_____)
3. Including fish in your diet	(_____)
4. Drinking mineral water	(_____)
5. Eating a variety of vegetables	(_____)

* * * * * * * * * * * * * * *

Answers

I. 1. obesity; 2. Sugary; 3. digestion; 4. choke; 5. mindlessly;

II. 1. digestion; 2. digestive; 3. mindful; 4. mindfully; 5. mind;

III. 1. digest; 2. choked; 3. eaten; 4. Take; 5. finished;

IV. 1. She has meals with her family only at weekends. 2. What time do they have breakfast? 3. I take 8 glasses of water every day. 4. He never takes sugary drinks. 5. Mother wants me to eat meals only at my dining table.

V. 1. A bad eating habit 2. a good eating habit 3. a good eating habit 4. a good eating habit 5. a good eating habit

* * * * * * * * * * * * * * *

Grade 9

Unit 1 Lesson 1: That's very kind of you

Speaking

I. Match the following expressions with the correct responses.

1.How are you?	(a) My pleasure.
2.I'd like to introduce …	(b) You're welcome.
3. How do you do?	(c) Nice to meet you, too.
4. It was very kind of you.	(d) Pleased to meet you, too.
5. This is …..	(e) How do you do?
6. Thanks a lot.	(f) I'm fine, and you?
7. See you later. Bye.	(g) you too.
8. Take care.	(h) See you.

II. Complete the conversations with the given phrases.

At the bus-stop

thank you	isn't it?
Yes, I am.	You too

A: Hello!
B: Hi!
A: Good morning!
B: Good morning!
A: How are you?
B: I'm fine, _____(1)_____. How about you?
A: Nice weather today, _____(2)_____?
B: Yes, it's beautiful!
A: Are you waiting for the bus too?
B: _____(3)_____. I hope it comes soon.
A: Have a nice day!
B: Thank you, _____(4)_____!

****

III. Introduce the new student to your friends, using the given facts.

Min Thu / Grade 11 student / from Mandalay / plays basketball

You: Hey! _____.
Your friend: Yeah.
You: This is _____. He is a _____. He is from _____. He _____.
Your friend: Great! Nice to meet you, _____.
Min Thu: _____, too.

IV. Give the correct responses to the following expressions.

e.g. How do you do?
I'm fine, thanks. (or) How do you do?

1. How are you?
_____.
2. Goodbye.
_____.
3. How's everything?
_____.
4. Thank you for your help.
_____.
5. Nice to meet you.
_____.

****

Answers

Unit 1

Lesson 1: That's very kind of you

Speaking

I. 1.(f) 2. (C) 3. (e) 4. (a) 5. (d) 6. (b) 7. (h) 8. (g)

II. At the bus-stop
(1) Thank you (2) isn't it? (3) Yes, I am (4) you too.

IV. Giving responses
1. I'm doing great. 2. Bye. See you. 3. I'm pretty good.
4. My pleasure. 5. Nice to meet you, too.

****

Grade 12

Unit 1 GOOD MANNERS

I. Complete the sentences with the appropriate words. The initial words are given.

1. Some m_____ are culture-specific.
2. Good manners are v_____ for a pleasant atmosphere.
3. To say "I'm sorry" when having done a w_____ is a good manner.
4. Children i_____ what the elders around them do.
5. 'Manners' refers to the way a person b_____ in society.
6. School and home i_____ good manners to children.
7. T_____ are good role models for children at school.
8. The m_____ of society is no easy task.
9. The s_____ is another institution that imparts manners besides 'home'.
10. The quality of the next generation is in the h_____ of the present generation.

II. Choose the appropriate words or phrases to complete the sentence.

1. You ____ complete the assignment by tomorrow.
A.must B. should C. can
2. Students ____ participate actively in class discussions.
A. must B. should C. can
3. We ____ arrive at the airport at least two hours before the flight.
A. must B. should C. can
4. Employees ____ dress professionally for client meetings.
A. must B. should C. can
5. You ____ prioritize your tasks to meet the deadline.
A. must B. should C. can
6. During rush hour, the city streets experience heavy traffic _____, causing delays for commuters.
A. accident B. population C. congestion
7. It is important to be a _____ pet owner by providing proper care, food, and shelter to your animals.
A. responsible B. powerful C. successful
8. Social media platforms have a powerful _____ on shaping public opinion and trends in today's digital age.
A. encouragement B. influence C. dependence
9. In a diverse society, it is important to _____ different opinions and perspectives, fostering a culture of understanding and respect.
A. tolerate B. give C. receive
10. The mother cradled her newborn baby in her arms and spoke to him in a _____, soothing voice.
A. polite B. respectful C. gentle

III. Rewrite the sentence according to the instructions given in brackets.

1. You (can / must) submit your application before the deadline. (Choose the correct option.)
2. Employees (can / must) attend the mandatory training session. (Choose the correct option.)
3. We (can / must) take a break and relax after a long day. (Choose the correct option.)
4. Students (can / must) ask permission to leave the classroom during class. (Choose the correct option.)
5. She (can / must) speak at least two languages for this job. (Choose the correct option.)
6. You (can / should) try the new restaurant in town; the food is excellent. (Choose the correct option.)
7. You (can / should) double-check your work for accuracy before submitting it. (Choose the correct option.)
8. They (can / should) save money for future expenses and emergencies. (Choose the correct option.)
9. I (can / should) take a day off to relax and recharge. (Choose the correct option.)
10. She (can / should) consider all the options before making a decision. (Choose the correct option.)

IV. Complete the dialogue with the expressions given in the box. There is an extra.

Which day works best for you?
What are you doing? See you on Saturday!
I'll take care of booking the tickets online.
I'll be there on time. It looks amazing!

Yin Yin: Hey, have you seen the trailer for that new movie? (1)_____
Sandy: Yes, I've been eagerly waiting for it to release. Let's go to the cinema to watch it!
Yin Yin: That's a great idea! (2)_____
Sandy: How about Saturday evening? The showtimes are more convenient then.
Yin Yin: Sounds perfect. We should book the tickets in advance to secure good seats.
Sandy: Absolutely! (3)_____ What time should we meet?
Yin Yin: Let's meet outside the cinema 30 minutes before the show starts.
Sandy: Alright, (4)_____ I can't wait to enjoy the movie together!
Yin Yin: Me too! It'll be so much fun to experience it on the big screen with popcorn and soda.
Sandy: Definitely! I'm looking forward to a fantastic movie night with you. (5)_____

****

Answers

Unit 1 GOOD MANNERS

I. 1. manners; 2. vital; 3. wrong; 4. imitate; 5. behaves; 6. impart; 7. Teachers; 8. modelling; 9. school; 10. hands;

II. 1. (A) must 2. (B) should 3. (A) must 4. (B) should 5. (C) can 6. (C) congestion 7. (A) responsible 8. (B) influence 9. (A) tolerate 10. (C) gentle

III. 1. must; 2. must; 3. can; 4. must; 5. must; 6. should; 7. should; 8. should; 9. can; 10. should;

IV. 1.It looks amazing! 2. Which day works best for you? 3. I'll take care of booking the tickets online. 4. I'll be there on time. 5. See you on Saturday!

****

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

❍ မြန်မာ့ရိုးရာလက်ဝှေ့မှ

အမှတ်စဉ်ရေတွက်ခံရပြီး သီဟ အရှုံးပေးလိုက်ရကာ အောင်ထွန်းဘို(ရိုးရာကျား)၏ ခြေကန်ချက်ကြောင့် တတိယအချီ၌ အောင်ပြည့်စုံ(တော်ဝင်ဧရာ)ကို အလဲထိုးအနိုင်ရရှိသွားသည်။

ဟံသာဝတီ(Lethwri Warrior)နှင့်ကိုကို (PL Phone La Pyae) ပြိုင်ပွဲတွင် ဟံသာဝတီက ကိုကို ကို အလဲထိုးအနိုင်ရရှိသွားသည်။

ထို့နောက် ငါးချိစိန်ခေါ်ပွဲများတွင် ကျားပေါက်(တန် ၉၀၀ စက်ရုံ)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့ ပြိုင်ပွဲတွင် ငါးချီပြည့်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့သလို ကျော်စွာဝင်း(M2K)နှင့် ယျူးခလိန်းမင်း(တန် ၉၀၀ စက်ရုံ)တို့ ပြိုင်ပွဲတွင် နှစ်ဦးစလုံး ထိုးကွင်း၊ ထိုးကွက်၊ သတ်လုံး၊ သတ်ကွက်ပညာ အကုန်သုံးထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ– လင်းရာမ

❍ တိုက်စစ်မှူးမက်ဆီမှ

ဂါမီရိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ သွင်းဂိုး ၁၆ ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၆ ကြိမ် ပြုလုပ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူးမက်ဆီဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ဥရောပသွင်းဂိုး စုစုပေါင်း ၄၉၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုသွင်းယူထားတဲ့ ဥရောပသွင်းဂိုး ၄၉၅ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ပြိုင်ပွဲပြီးဆုံးဖို့ တစ်ပွဲအလိုမှာ ပီအက်စ်ဂျီအသင်းက ရမှတ် ၈၅ မှတ်၊ အမှတ်ပေးဇယား ဒုတိယနေရာ ကလန်းစ်အသင်းက ရမှတ် ၈၁ မှတ်ရရှိထားတာဖြစ်လို့ ပွဲစဉ်(၃၈)ပြီးချိန်မှာလည်း ပီအက်စ်ဂျီအသင်းရဲ့ ရမှတ်ကို မမီတော့တာကြောင့် ပီအက်စ်ဂျီအသင်းက ပြင်သစ်ပထမတန်းချန်ပီယံဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြေယ်

MNL ပွဲစဉ်(၆) နောက်ဆုံးပွဲတွင် ရခိုင်နှင့် အား/ကာသိပ္ပံ သရေကျ

ရန်ကုန် မေ ၂၈

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ကို မေ ၂၈ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရခိုင်အသင်းနှင့် အား/ကာသိပ္ပံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

အဆင့်တက်လာခဲ့

အား/ကာသိပ္ပံ အသင်းသည် ဇယားထိပ်ဆုံး သုံးသင်းကို ဆက်လက် ဖိအားပေးနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးကြောင့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ မဟာယူနိုက်တက်နှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲပျောက်ဆုံးမှုကို အသုံးချနိုင်ခဲ့ပြီး အဆင့်တက်လာခဲ့သည်။

ရခိုင်ယူနိုက်တက် အသင်းသည် ပြိုင်ပွဲခေတ္တရပ်နားချိန်တွင် နိုင်ငံခြားသား ကစားသမားနှစ်ဦးနှင့် လမ်းခွဲခဲ့ရသဖြင့် ထရာအိုရေးတစ်ဦးသာ ပါဝင်နိုင်ပြီး ဇော်ဇော်နိုင်၊ သန်းတိုးအောင်၊ သီဟထက်အောင်၊ မောင်မောင်စိုးတို့နှင့် တွဲဖက်အသုံးပြုခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာလည်း သိန်းဇော်သီဟ၊ လန်းဆန်းအောင်၊ အေးချမ်းသာ၊ နိုင်နိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ရခိုင်အသင်းမှ မင်းခန့်ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သဖြင့် အား/ကာသိပ္ပံအသင်း ဦးဆောင်ဂိုး ရခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် ရခိုင်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၅ မိနစ်တွင် သူရက ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၁၅ မှတ်၊ ဟံသာဝတီအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၀ မှတ်၊ ရတနာပုံ၊ ရခိုင်ယူနိုက်တက်နှင့် မဟာယူနိုက်တက် အသင်းတို့က ရှစ်မှတ်စီ၊ ဒဂုံစတားနှင့် GFA အသင်းက ခုနစ်မှတ်စီ၊ မြဝတီအသင်းက ငါးမှတ်၊ ကချင်ယူနိုက်တက်အသင်းက နှစ်မှတ်၊ ဧရာဝတီအသင်းက တစ်မှတ်ရရှိထားသည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MNL

ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင်များ လျှောနည်းပပျောက်စေရေး ကွင်းဆင်းဆောင်ရွက်

ဖျာပုံ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင်များ လျှောနည်းပပျောက်စေရေးအတွက် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် ဖျာပုံခရိုင်အတွင်း ကျားဖောင်လုပ်ငန်းလုပ်ကိုင်သည့် ဘုန်းကြီးသောင်ကျေးရွာနှင့် ချောင်းဝကျေးရွာများသို့ မေ ၂၁ ရက်က သွားရောက်ကွင်းဆင်းပြီး ရေလုပ်ငန်းရှင်များအား တွေ့ဆုံရှင်းလင်း ဆွေးနွေးပွဲ ကျင်းပသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ရေလုပ်ငန်းရှင်များအား တွေ့ဆုံပြီး အင်္ဂလန်ကျားဖောင်အား ရေယာဉ်တစ်စင်းလျှင် ခွင့်ပြုကိရိယာအရေအတွက် ရှစ်ဖောင်သာလုပ်ကိုင်ရန်၊ ခွင့်ပြုကိရိယာ မဟုတ်ဘဲ ကိရိယာလွဲမှားပြီး လုပ်ကိုင်ခြင်း မပြုရန်တို့ကို ၂၀၂၃-၂၀၂၄ လုပ်ငန်းရာသီ မစတင်မီကာလအတွင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ သိရှိလိုသည့်အချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရေလုပ်ငန်းရှင်များအား ငါးလုပ်ငန်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘဂ်လားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၂၈

ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း " မဝါ"သည် အနောက်-အနောက်မြောက်ဘက်သို့ရွှေ့လျားခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဧလ**

အား ကစား မြှင့်တင် စိတ် လန်းရှင် ဆန့်ကျင် မှုးယစ် ဆေး

ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ရောင်းချထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မှဒိတာ-၁ အခန်း-C-115 တိုက်ခန်းကို ဒေါ်သက်သက်အောင်မှတ်ပုံတင်[၉/မနမ(နိုင်)၀၀၂၃၅]ကိုင်ဆောင်သူမှ ဝယ်ယူထားပါသည်။ ယခုအခါတွင် တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီမှ ပေးထားသော စာရွက်စာတမ်းများမှ တိုက်ခန်းပိုင်ရှင် အသိအမှတ်ပြုကတ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူမည်ဖြစ်ပါသည်။ မိတ္တူမှန်ထုတ်ယူရန်အတွက် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း အထောက်အထား စုံလင်စွာဖြင့် တော်ဝင်မိသားစုကုမ္ပဏီတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ
No–45၊ ပြည်လမ်း၊ တော်ဝင်စင်တာ (Room No B–017)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရဝ်ကွက်အမှတ်-သကတ- ၂၊မြေကွက်အမှတ် ၆၆/က၊ဧရိယာ(၀.၀၃၀)၈ဂ၊မြေကွက်တည်နေရာအမှတ်-၆၆/က၊စိန်ပန်းမြိုင်(၄)လမ်းနှင့်ခရေပင်လမ်းထောင့်၊(၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၂ဦးက်ညွှန့်(H/RGN-၀၀၃၀၅၅၅)အမည်ပေါက်နစ်(၆၀)မြေအားအမည်ပေါက်(ဖခင်)ဦးက်ညွှန့်(H/RGN-၀၀၃၀၅၅၅)(၁၂/လသယ(နိုင်)၀၁၃၂၉၁)သည်၂၂-၇-၂၀၂၁ခုဂုက်နေ့တွင်လည်းကောင်း၊မိခင်ဒေါ်မြင့်မြင့်သန်း(၁၂/လသယ(နိုင်)၀၁၃၂၉၃)သည်(၅-၁-၂၀၁၆)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့်ဒေါ်သန္ဓာညွှန့်(၁၂/လသယ(နိုင်)၀၁၂၀၅၅)ဦးတင်အောင်ခိုင်(၁၂/လသယ(နိုင်)၀၃၆၁၇၄)၊ဒေါ်ဇင်မာထွန်း(၁၂/လသယ(နိုင်)၀၃၉၄၁၀)တို့မှမိခင်၊ဖခင်တို့တွင်ငင်းတို့မောင်နှမ(၃)ဦးတည်းကိုသာမွေးဖွားခဲ့ကြောင်း၊အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ကိတ္တိမသားသမီးလည်းမွေးစားထားခဲ့ခြင်းလည်းမရှိပါကြောင်း၊ငင်းတို့မောင်နှမ(၃)ဦးကသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့်ငင်းတို့မောင်နှမ(၃)ဦးမှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်မည်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကိုဆိုထားသည်ကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ၊ကိုယ်စားလှယ်လွှဲစာ၊ပါဝါမရှုပ်သိမ်းကြောင်းကျမ်းကျိန်လွှာ၊ဂရန်မူရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊သေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဒေါ်သန္ဓာညွှန့်(၁၂/လသယ(နိုင်)၀၃၂၀၅)၊ဦးတင်အောင်ခိုင်(၁၂/လသယ(နိုင်)၀၃၆၁၇၄)၊ဒေါ်ဇင်မာထွန်း(၁၂/လသယ(နိုင်)၀၃၉၄၁၀)တို့ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၁၉၄/၁၇-၂-၂၀၂၃ဖြင့်ရရှိသူဒေါ်ဝေမွန်သင်း(၁၂/လသယ(နိုင်)၀၃၈၄၁၀)မှပိုင်ဆိုင်ကြောင်းနှင့်အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ဖြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရဝ်ကွက်အမှတ်(၄၁)၊ စိန္ဒာမဏ္ဍိလမ်း၊ မြေကွက်အမှတ်(၁၆၁၇)ဟုခေါ်တွင်သော ဗိုလ်မှူးတင်ထွန်းဝင်းအမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် (မိတ္တူ)ပါ မြေအကျယ် (၀၆ ၄၀ x ၀၆ ၆၀)အနက်မှ (မြေကွက်ကို မျက်နှာမူလျှင် – ဘယ်ဘက်ခြမ်း) မြေအကျယ် (၂၀ ၀၆ x ၆၀ ၀၆) (၁၆၁၆မြေကွက်နှင့် ကပ်လျက်)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းသန်းစိုး [၁၂/ဆကခ(နိုင်)၀၀၅၂၇၃]၊ ဦးညွှန့်ဝင်း [၁၄/မအပ(နိုင်)၁၂၄၁၃]၊ ဦးမင်းကျော်သူ [၁၂/ ဆကခ(နိုင်)၀၁၇၇၅၇]၊ ဦးစည်သူ [၁၂/ဆကခ(နိုင်)၀၂၀၀ဝ၈] တို့မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်လှိုင် [၁၂/ဒဂမ(နိုင်)၀၀၇ဝ၄၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ညွှန်ကြားသူ
ဒေါ်သက်သက်လှိုင်

ညွှန်ကြားချက်အရ-
ဒေါ်ဟန်နီထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉)
အမှတ်(၆၄၀၊ ၁)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၅၁၄၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၂)လမ်း၊ အမှတ်(၆၄)၊ ပထမထပ်(ခြေရင်းခန်း)(၁၂ဘေ×၅၀ပေ) လူနေအိမ်တိုက်ခန်းအား လက်ဝယ်လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်မေသန်ဝင် [၁၄/ကလန(နိုင်) ၁၀၃၆၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးစိုးတင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၃၃)
(စီးပွားရေးဥပဒေနှင့် နိုင်ငံတကာဥပဒေဒီပလိုမာ)
အမှတ်-၁၀/၁၂ ပထမထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၄၀၂၂

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဦးကွက်လာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိ(၂၀)လမ်း၊ အမှတ်(၅၃၅) စတုဇ္ဇထပ်(၅)လွှာ အခန်းအမှတ် (4.B) ရေမီးအစုံပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးပိုင်းချစ်ဦး [၁၂/ရကန(နိုင်)၀၇၅၅၁၄] မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူသန္ဓာကျော်[၁၃/တခလ(နိုင်)၀၉၁၂၇၅] မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတိုတိုထွန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၆)
အမှတ်-၃၄၊ (ဇ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၉၁၃၃

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် (၂)လမ်း၊ တိုက်အမှတ်(၁၉/B)၊ ပထမထပ်(ခြေရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၅ x ၅၅)ပေရှိ တိုက်ခန်း (ရေ၊ မီး)အပါအဝင် ယင်းတို့နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုလာသူ ဦးအောင်နိုင်[၁၂/ကမရ(နိုင်)၀၄၀၉၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နေနလွင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၅၉၉၅)
အမှတ်(၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–778034689

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိဏ္ဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထိုး၊ ရုပ်ပွားဆင်းတုတော်ထိုး၊ မြန်မာ့ရိုးရာတည်ထိုးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၇၂၀	-
၂။	သာသနာ့ဝိဟာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၉၃ သိန်း	၄၀၈၀၇ သိန်း
၃။	သုမဓာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၆	-
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၄ ခု	၁၄ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၆ တိုင်	၃ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၃၂. ၀၀	၂၀၀ ခန်း	၁၆ ခန်း	၁၈၄ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှန်ခဲယဉ်းရိုး ၂၃ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၅ ခန်း	၃၆၀ ခန်း
၁၂။	မဟာရံတံတိုင်း၌ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၃. ၀၀	၆၅၂ ခု	၁၅၅ ခု	၄၉၇ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၃၅၃၆. ၃၅ ကျင်း	-	၃၅၃၆. ၃၅ ကျင်း

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	-	၈၄၇၃ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၃၃. ၀၂	၁	၅၃၈၅ သိန်း	၁၃၃၄၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၀. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
